မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်၊ ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီ ၁၇ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၉)၊ အမှတ်(၁၀၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံအကြိုသုတေသနနှင့် ပညာရပ်ဆိုင်ရာစာတမ်းဖတ်ပွဲဖွင့်ပွဲ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ၂၀၀၉ခုနှစ်၏ နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံအကြို သုတေသနနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲဖွင့်ပွဲနှင့် Process & Products Show ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက် အမှာစကား ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၄ ❒

ကြို့ပင်ကောက်နှင့် ဇီးကုန်းမြို့နယ်အကြား တည်ဆောက်ထားသော ဘော်ဘင်ရေလှောင်တမံကြီးသည် ဒေသခံတောင်သူတို့အတွက် အကျိုးပြုနေပေပြီ။
ဓာတ်ပုံမှတ်တမ်း-မျိုးမင်းသိန်း (မရမ်းကုန်း)

ပဲခူးတိုင်း ဇီးကုန်းနှင့် ကြို့ပင်ကောက်မြို့နယ်များမှ တောင်သူများ

ဘော်ဘင်ရေလှောင်တမံကြောင့် ဝင်ငွေစီးပွားတိုးပွား

နေပြည်တော် ဇန်နဝါရီ ၁၆

ပဲခူးတိုင်း ဇီးကုန်းမြို့နယ်နှင့် ကြို့ပင်ကောက်မြို့နယ်များမှ ဒေသခံတောင်သူများသည် မိုးစပါးအပြင် နွေစပါးကို နှစ်စဉ်မှန်မှန် စိုက်ပျိုးနိုင်ကြသဖြင့် ဝင်ငွေစီးပွား တိုးပွားနေကြပြီဖြစ်သည်။

မြေကြီးက ရွှေသီး

ဒေသခံတောင်သူများအနေဖြင့် ဤသို့ အောင်မြင်စွာဆောင်ရွက်နိုင်ခြင်းမှာ ဘော်ဘင်ရေလှောင်တမံ၏ ကျေးဇူးကြောင့်ပင်ဖြစ်သည်။ ဘော်ဘင်ဆည်ရေကို အသုံးပြု၍ ဒေသခံတောင်သူများ တစ်သီးစားမှ နှစ်သီးစား၊ နှစ်သီးစားမှ သုံးသီးစား စိုက်ပျိုးနိုင်ကာ မြေကြီးက ရွှေသီးနေကြပြီ ဖြစ်ပါ၏။

စတင်တည်ဆောက်

ဤဘော်ဘင်ရေလှောင်တမံကြီးသည် ကြို့ပင်ကောက်မြို့နယ်နှင့် ဇီးကုန်းမြို့နယ်အကြားတွင် တည်ရှိသည်။ ရေလှောင်တမံကြီးကို ၁၉၉၉-၂၀၀၀ခုနှစ်တွင် စတင် အကောင်အထည်ဖော်ခဲ့ပြီး ၂၀၀၃-၂၀၀၄ ခုနှစ်၌ တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၆ ကော်လံ ၁ ●

သတင်းခရီးသည်
မြင့်မောင်စိုး

ဓာတ်ပုံမှတ်တမ်း
မျိုးမင်းသိန်း (မရမ်းကုန်း)

စာမျက်နှာဖွဲ့စည်းမှု
ဝင့်မာသွင် (မြန်မာ့အလင်း)

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၇ ရက်)

ရထားပို့ဆောင်ရေးလုပ်ငန်း တစ်ခေတ်ဆန်းခဲ့ပြီ

ရထားပို့ဆောင်ရေးသည် ခရီးသွားပြည်သူများ အားကိုးအားထားပြုရာ ယာဉ်ယန္တရားဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စေရေးနှင့် ကုန်စည်ပို့ဆောင်ရေးအတွက် များစွာ အထောက်အကူပြုလျက်ရှိသည်။

မြန်မာ့မီးရထားအနေဖြင့် ရထားလမ်း ပိုမိုကောင်းမွန်အောင် ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်အတွက် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခဲ့သည်။ ထို့ပြင် လူစီးတွဲနှင့် ကုန်တွဲများကို ကုန်ကျစရိတ် သက်သာစွာ ပြည်တွင်း၌ထုတ်လုပ်၍ ပြည်ပမှ တွဲသစ်များမှာယူခြင်း စသည့် ခရီးသွားပြည်သူများ အဆင်ပြေစွာ စီးနင်းလိုက်ပါရေးအတွက် ကြိုးပမ်း ဖြည့်ဆည်းပေးလျက်ရှိသည်။

လွန်ခဲ့သည့် ဇန်နဝါရီ၁၄ရက်နေ့မှစ၍ ခေတ်မီ မီးရထားတွဲဆိုင်းအသစ်များကို မြန်မာ့မီးရထား၏ လက်ရှိပြေးဆွဲနေသည့် နေပြည်တော်-မန္တလေးခရီးစဉ်၌ အမှတ်(၂၅)အဆန် နေပြည်တော်-မန္တလေး အမြန်ရထားနှင့် အမှတ်(၂၆)အစုန် မန္တလေး-နေပြည်တော် အမြန်ရထားတွဲဆိုင်းများ အစားထိုး ပြေးဆွဲနေပြီ ဖြစ်သည်။

အဆိုပါ မီးရထားတွဲဆိုင်းများ၌ မြင်းကောင်ရေ၄၄၀ရှိ အင်ဂျင်တစ်လုံးနှင့် မြင်းကောင်ရေ ၂၂၀ အင်ဂျင်လေးလုံးတို့ကို တပ်ဆင်ထားရှိပြီး ခရီးသည်များ သက်သောင့်သက်သာ စီးနင်းလိုက်ပါနိုင်ရန်အတွက် လေအိတ်လေးများနှင့် ဘရိတ်ပိုင်းဆိုင်ရာစနစ်တွင် လုံခြုံစိတ်ချမှု ပိုမိုကောင်းမွန်သည့် စနစ်တို့ကို အသုံးပြုတပ်ဆင်ထားသည်။

ရထားတွဲများ၌ အလိုအလျောက်ဖွင့်ပိတ်သည့် အတက်အဆင်းတံခါးနှင့် ခရီးသည်များ ကိုယ်လက်သန့်စင်နိုင်ရန် ကြွေလက်ဆေးကန်များ၊ လေစုပ်သန့်စင်ခန်းစနစ်များ တပ်ဆင်ထားသည်။ အလင်းရောင် လုံလောက်စွာ ရရှိစေရန် လျှပ်စစ်မီးချောင်းများ တပ်ဆင်ထားပြီး အလင်းရောင်ကို အတိုးအလျှော့ ချိန်ညှိနိုင်ရန် တပ်ဆင်ထားသည်။

ရထားပို့ဆောင်ရေးလုပ်ငန်းသည် ခရီးသည်နှင့်ကုန်စည်များကို အချိန်တိုအတွင်း များများသယ်ယူ ပို့ဆောင်နိုင်သော လုပ်ငန်းဖြစ်ပြီး အချိန်မှန်ကန်မှု၊ သက်သောင့်သက်သာရှိမှု၊ စရိတ်စက သက်သာမှုတို့ကြောင့် ခရီးသွားပြည်သူများအားထားရာ ဝန်ဆောင်မှုလုပ်ငန်းအဖြစ် ရပ်တည်နေသည်။

နိုင်ငံတော်မှ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့ စိတ်ချမ်းမြေ့မှုများစွာ အဆင့်မြင့်မြင့်သွားလာနိုင်ရေးအတွက် ယခုအခါ ရထားပို့ဆောင်ရေးလုပ်ငန်း တစ်ခေတ်ဆန်းကာ ခေတ်မီတွဲဆိုင်းသစ်များကို ဖြည့်ဆည်းထားပြီဖြစ်ရာ ခရီးသွားပြည်သူများကလည်း နိုင်ငံတော်မှ ငွေကြေးအမြောက်အမြား အကုန်အကျခံ ဆောင်ရွက်ထားရှိသည့် ခေတ်မီ တွဲဆိုင်းသစ်များ ရေရှည်တည်တံ့ရေးအတွက် စည်းကမ်းတကျ လိုက်ပါစီးနင်းအသုံးပြုကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၇-၁-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇:၅၅ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၅ ၆။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈:၁၅ ၇။ တေးဂီတအစီအစဉ်
- ၈:၃၀ ၈။ International News
- ၈:၃၅ ၉။ Crossroads Cafe (Episode-25) (Comings and Goings)

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဟာသကမ္ဘာ**(အပိုင်း-၆၄)
- ၁၂:၄၀ ၅။ Golf Magazine(TV)
- ၁၃:၀၀ ၆။ မြန်မာရုပ်ရှင် **တမ်းတခြင်းမှဝေးပါစေ** ဒွေး၊ ဇော်လင်း၊ မေသန်းနု၊ စိုးမိုးကြည် (ဒါရိုက်တာ-ကြီးမြင့်)
- ၁၄:၄၀ ၇။ International News

ညပိုင်း

- ၃:၄၅ ၁။ Myanmar National League MNL Cup(2009) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း)
- ၅:၄၅ ၂။ တေးဂီတအစီအစဉ်
- ၆:၀၀ ၃။ ညနေခင်းသတင်း
- ၆:၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၅။ တစ်မျက်နှာတစ်ကွက်စာ **သူ့ကိုသာလျှင်အမှန်တကယ်** သူရလင်း၊ သွေးသစ်၊ ခရစ္စတီးနား [ဒါရိုက်တာ-မေတင်(MMG)]
- ၆:၄၅ ၆။ **ရင်နှစ်ပန်းတို့လန်းစေချင်** ဖြိုးငွေစိုး၊ မိုးယုစံ၊ မျိုးသန္တာထွန်း၊ ခင်စိုးပိုင်၊ အေးသီတာ ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)
- ၇:၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **တော်ဝင်နှလုံးသား**(အပိုင်း-၅)
- ၈:၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစုစွန့်စားခန်း** (အပိုင်း-၇၈)
- ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **နွေဦးကဗျာချစ်သံသာ** (အပိုင်း-၃၀)
- ၁၃။ ရုပ်သံကြော်ငြာများ

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်ဦး မလေးရှားမှပြန်လည်ရောက်ရှိ

ဝန်ထမ်းများ အရည်အသွေး တိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ခဲ့

နေပြည်တော် ဇန်နဝါရီ ၁၆

မလေးရှားနိုင်ငံ အမျိုးသားအုပ်ချုပ်ရေးတက္ကသိုလ်၏ ဖိတ်ကြားချက်အရ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်စား အဖွဲ့ဝင် ဦးလှမြင့်ဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများ အရည်အသွေးတိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းနှင့် ဆက်စပ်၍ ကြိုတင်ညှိနှိုင်းရန်နှင့် မလေးရှားနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းများ လေ့ကျင့်ခြင်းဆိုင်ရာ အဖွဲ့အစည်းများကို လေ့လာရန် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ဇန်နဝါရီ ၁၁ရက်မှ ၁၄ရက်အထိ သွားရောက်ခဲ့ပြီး ဇန်နဝါရီ၁၅ရက်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

တွေ့ဆုံဆွေးနွေး

မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံတွင် အမျိုးသားအုပ်ချုပ်ရေးတက္ကသိုလ်၊ မလေးရှား စီးပွားရေးသုတေသနအဖွဲ့နှင့် ပူထရာဂျာရာ အုပ်ချုပ်ရေးမြို့တော်တို့သို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ထမ်းရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညီညီစံနှင့် အဖွဲ့ရုံးလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးသွင်တို့လည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၃ရက်က နေပြည်တော် ပုဗ္ဗသီရိမြို့ ကိုးရွာသပြေကုန်းကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲ ကျင်းပရာ နေပြည်တော်ခရိုင် ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးခင်စိုးနှင့် မြို့နယ်ဦးစီးဌာနမှူး ဦးမင်းမင်းဇော်တို့က နိုင်ငံသားအရည်အချင်းရှိသူများအား တစ်ဦးချင်းအလိုက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးစဉ်။ (ဝ၈၄)

ပဲခူးတိုင်း၌ ကျန်းမာရေးပညာပေး ဟောပြောဆွေးနွေး

တောင်ငူ ဇန်နဝါရီ ၁၆

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရုံး၊ ကျန်းမာရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့ ပူးပေါင်းစီမံ ကြီးကြပ်လျက် ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရုံးတို့မှ ဦးစီးကျင်းပသော ကမ္ဘာ့လူတုပ်ကွေးနှင့် ကြက်၊ ငှက်၊ ဝက် တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်မှု လူထုကျန်းမာရေးပညာပေး စာပေဟောပြော ဆွေးနွေးပွဲများကို တောင်ငူခရိုင်၊ ပဲခူးခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင် လေးခရိုင်အတွင်းရှိ ၂၈ မြို့နယ်၌ ပြုလုပ်သည်။

သုတ ရသ၊ စာပေရေးရာ

ပဲခူးတိုင်း တောင်ငူခရိုင် တောင်ငူမြို့ ကျန်းမာရေးဦးစီးဌာန သူနာပြုသင်တန်းကျောင်း စည်းဝေးခန်းမဆောင်(ပထမထပ်)၌ ကမ္ဘာ့လူတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်မှုနှင့် ကြက်၊ ငှက်၊ ဝက်တုပ်ကွေးရောဂါမှသည် လူများသို့ မကူးစက်ရေး ကျန်းမာရေးပညာပေး စာပေဟောပြော ဆွေးနွေးပွဲကို ဇန်နဝါရီ ၇ရက် နံနက် ၉နာရီခွဲက ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ၏ သဝဏ်လွှာကို သူနာပြုသင်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးနွဲ့နွဲ့အောင်က ဖတ်ကြားဖွင့်လှစ်ပေးပြီး ပဲခူးတိုင်း ကျန်းမာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး (ဆေးရုံအုပ်ကြီး) ဒေါက်တာ မြသောင်း (သောင်းကေတု)က ကမ္ဘာ့လူတုပ်ကွေးရောဂါ လက္ခဏာ ကုထုံး ဆေးဝါးများနှင့်အတူ ကြိုတင်ကာကွယ်ထိန်းချုပ်ရေး ကျန်းမာရေးပညာပေးဟောပြောခြင်း၊စာရေးဆရာ၊ အယ်ဒီတာ၊ ဒါရိုက်တာ ဖွန်မောင်မောင် **(အပေါ်ပုံ)**က မိမိကိုယ်ကိုမိမိ ကျန်းမာရေးစောင့်ရှောက်ခြင်း၊ သုတစာပေရေးရာ ဟောပြောခြင်း၊ သန်လျင် မောင်မောင်ဦးက ရယ်စရာ မောစရာ ဟောပြောခြင်း၊ မောင်လွမ်းနွယ်(အောင်လံ)က မြင်းမိုရ်တောင်ကို ဦးခိုက်ခြင်း ရသစာပေရေးရာ ဟောပြောကြပြီး မြို့နယ်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က စာရေးဆရာများအား အမှတ်တရ ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်ကျင်းပ

ယင်းလူထုကျန်းမာရေး ပညာပေး စာပေဟောပြောဆွေးနွေးပွဲများကို ဇရာဝတီတိုင်း ပုသိမ်ခရိုင်တွင် ဇန်နဝါရီ ၁၅ရက်မှ ၂၀ရက်အထိ၊ မြောင်းမြခရိုင်တွင် ဇန်နဝါရီ ၂၂ရက်မှ ၂၅ရက်အထိ၊ ဟင်္သာတခရိုင်တွင် ဖေဖော်ဝါရီ ၅ရက်မှ ၁၂ရက်အထိ၊ လပွတ္တာခရိုင်တွင် ဖေဖော်ဝါရီ ၂၂ရက်မှ ၂၅ရက်အထိ၊ ဖျာပုံခရိုင်တွင် မတ်၁၂ရက်မှ ၁၈ရက်အထိနှင့် မအူပင်ခရိုင်တွင် မတ် ၂၀ရက်မှ ၂၈ရက်အထိ ဒါရိုက်တာ ဖွန်မောင်မောင် ဦးစီးသော စာပေ၊ ဂီတ၊ ရုပ်ရှင်အနုပညာရှင်များနှင့် ဒေသဆိုင်ရာ ကျန်းမာရေး ဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး၊ ဆေးရုံအုပ်ကြီးများတို့နှင့်အတူ ပူးတွဲလျက် တိုင်းရင်းသားပြည်သူတို့အား လူနှင့်တိရစ္ဆာန်များတို့တွင် ရာသီအလိုက် ဖြစ်ပေါ်လေ့ရှိသော ရောဂါဆန်းများ လူသားများသို့ မကူးစက်ရေး ကြိုတင်ကာကွယ် ထိန်းချုပ်မှု လူထုကျန်းမာရေးပညာပေး စာပေဟောပြောဆွေးနွေးပွဲများတို့ကို စဉ်ဆက်မပြတ် ဆက်လက်ကျင်းပသွားမည်ဟု သိရသည်။ **(စာပေ၊ စာနယ်ဇင်း)**

မြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြု၍ အမှတ် (၁)ရပ်ကွက် ချောင်းဆုံလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်သန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဟန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်စည်ပင်)

ကြည့်ရှုအားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ထုတ်ကုန်ပစ္စည်း (Process & Products) ပြခန်းများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

❒ *ရှေ့ဖုံးမှ*

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ရှေးဦးစွာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံ(၂၀၀၉) အကြိုကျင်းပသည့် Process & Products Show ဖွင့်ပွဲ အခမ်းအနားကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဝင်ပေါက်ရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အဖွင့်အမှာစကားပြောကြား

ထို့နောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ ၂၀၀၉ ခုနှစ် နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံအကြို သုတေသနနှင့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အဆောက်အအုံအတွင်းနှင့် အဆောက်အအုံပြင်ပ၌ ခင်းကျင်းပြသထားသော အင်ဂျင်နီယာပညာရပ်ဆိုင်ရာ ထုတ်ကုန်ပစ္စည်း Process and Products ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပျော်ဘွယ် (ရန်အောင်)-ရွာတော် ရထားလမ်းပိုင်းသစ်ဖွင့်

ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ ဒေသခံပြည်သူများ မျက်ဝါးထင်ထင် ကိုယ်တွေ့ တွေ့ကြုံခံစားနေရ

ဖဲကြိုးဖြတ်ဖွင့်လှစ်

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေတို့ ပျော်ဘွယ် (ရန်အောင်)-ရွာတော် ရထားလမ်းပိုင်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၆

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ ပျော်ဘွယ်-နတ်မောက်-မကွေး ရထားလမ်းသစ်ဖောက်လုပ်ရေး စီမံကိန်းအစိတ်အပိုင်းဖြစ်သည့် ပျော်ဘွယ် (ရန်အောင်)-ရွာတော်ရထားလမ်းပိုင်းသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ပျော်ဘွယ် ဘူတာဥပစာ၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြန်မာ့မီးရထားမှ အရာထမ်း၊ အမှုထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

လမ်းညွှန်

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက နိုင်ငံခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအတွင်း ဆက်သွယ်ရေးလမ်းများ ကောင်းမွန်ရန် လိုအပ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားများ လူမှုပတ်ဝန်းကျင်ကိုပါ မြှင့်တင်နိုင်ကြောင်း လမ်းညွှန်ခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများကိုအခြေခံပြီး နိုင်ငံတော်၏ ပံ့ပိုးမှုတို့ဖြင့် အဆင့်ဆင့်သော စီမံချက်များချမှတ်ပြီး မိမိတို့ တိုင်းနယ်မြေအတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ယနေ့ဆိုလျှင် ကဏ္ဍအသီးသီးတွင် တိုးတက်ပြောင်းလဲ ဖြစ်ပေါ်နေမှုများကို ဒေသခံမိဘပြည်သူများ မျက်ဝါးထင်ထင် ကိုယ်တွေ့ တွေ့ကြုံခံစားနေရပြီးဖြစ်ကြောင်း။

အကောင်အထည်ဖော်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ရထားလမ်းများကို အရှေ့၊ အနောက်၊ တောင်၊ မြောက် အစရှိသည့် ရှိပြီးသား ရထားလမ်းများနှင့် ဆက်စပ်၍ **“ပြည်ထောင်စု ရထားလမ်းကွန်ရက်”** ကြီးဖြစ်လာအောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့ ဖွင့်လှစ်သည့် ပျော်ဘွယ် (ရန်အောင်)-ရွာတော်ရထားလမ်းပိုင်းသည် ပျော်ဘွယ်-နတ်မောက်-မကွေးရထားလမ်းမကြီး၌ ပါဝင်ပြီး ပြည်ထောင်စု ရထားလမ်းကွန်ရက်၏ အစိတ်အပိုင်းတစ်ခုဟု ခေါ်ဆိုရမည်လည်း ဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်သည့် အရှည် ၂၂ဒသမ ၁၂မိုင်ရှိသည့် ပျော်ဘွယ် (ရန်အောင်)-ရွာတော် ရထားလမ်းပိုင်းသည် ပျော်ဘွယ်-နတ်မောက်-မကွေးလမ်းမကြီး၏ ဒုတိယမြောက် ဖွင့်လှစ်နိုင်သော ခြေလှမ်းမှတ်တိုင်အဖြစ် အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းကြောင့် ဒေသအတွက် အောင်ပွဲနေ့တစ်နေ့ဖြစ်ကြောင်းနှင့် ရထားလမ်းပိုင်းကို အောင်မြင်စွာ ဖောက်လုပ်ပေးခဲ့ကြသည့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားဝန်ထမ်းများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ဖွင့်လှစ်နိုင်ခဲ့

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကားပြောကြားရာတွင် ယနေ့ ဖွင့်လှစ်သည့် အရှည် ၂၂ ဒသမ ၁၂မိုင်ရှိသော ပျော်ဘွယ်(ရန်အောင်)-ရွာတော်ရထားလမ်းပိုင်းသည် ပျော်ဘွယ်-နတ်မောက်-မကွေးမြို့များသို့ ဆက်စပ်ဖောက်လုပ်မည့် အရှည် ၉၅မိုင်ရှိသည့် ရထားလမ်းမကြီးကို အပိုင်းလိုက် ဆက်စပ်ဖောက်လုပ်ဖွင့်လှစ်ရေး ဆောင်ရွက်လျက်ရှိရာတွင် ဒုတိယမြောက် ဖွင့်လှစ်နိုင်ခဲ့သည့် ရထားလမ်းပိုင်းဖြစ်ကြောင်း၊ ပထမဆုံးအပိုင်းဖြစ်သော မကွေး-ကံပြား (နည်းပညာတက္ကသိုလ်) ရထားလမ်းပိုင်းကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၉ရက်က ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ ကျန်ရှိသော ရထားလမ်းများကိုလည်း အပိုင်းလိုက် အမြန်ဆုံး ဆက်စပ်ဖောက်လုပ်ဖွင့်လှစ်ပေးနိုင်ရေးအတွက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်အတွက် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ လူစီးတွဲနှင့် ကုန်တွဲများကို ကုန်ကျစရိတ်သက်သာစွာ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်း စသည့်ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရေးသာမက ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေး အခန်းကဏ္ဍတွင် ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးကို ဦးထိပ်ပန်ဆင်ပြီး ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဖွံ့ဖြိုးတိုးတက်လာ

ဆက်လက်၍ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက အမှာစကားပြောကြားရာတွင် နိုင်ငံအကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ မကွေးတိုင်း နယ်မြေအတွင်း ရထားလမ်းများ ဆက်စပ်ဖောက်လုပ်ပေးလျက်ရှိရာ ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖောက်လုပ်နေသည့် ကြံခင်း-ပခုက္ကူ ရထားလမ်းပိုင်းကို မကွေးတိုင်း၏ ပခုက္ကူမြို့အထိ လည်းကောင်း၊ ပခုက္ကူမှ ဂန့်ဂေါ-ကလေးအထိ လည်းကောင်း ဖောက်လုပ်ပေးပြီးဖြစ်၍ ကြံခင်း-ဥသျှစ်ပင်-ကံမ-သရက် ရထားလမ်းဖြင့် ဆက်စပ်သွားလာနိုင်မည်ဖြစ်ကြောင်း၊ ယခု ပျော်ဘွယ် (ရန်အောင်)-ရွာတော် ရထားလမ်းပိုင်းသစ်ကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ အဆိုပါ ရထားလမ်းကြီး ဖောက်လုပ်ပြီးစီးသွားပါက ဒေသထွက်ကုန်ပစ္စည်းများကို စရိတ်စက သက်သာစွာ သယ်ယူပို့ဆောင် သွားလာနိုင်မည်ဖြစ်သကဲ့သို့ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာခြင်းကြောင့် ရထားလမ်းဖြတ်သန်းရာ ဒေသများ၏ လူမှုရေး၊ စီးပွားရေး အစရှိသည်ဖြင့် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ တိုင်းမှူး၊ ဝန်ကြီးများနှင့် တိုင်းဥက္ကဋ္ဌတို့သည် ပျော်ဘွယ်(ရန်အောင်)-ရွာတော် ရထားလမ်းပိုင်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲမှခ်ဦးရှေ့၌ ဒေသခံပြည်သူများနှင့် အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ ဝန်ကြီးများနှင့် တိုင်းဥက္ကဋ္ဌတို့သည် ဖွင့်ပွဲအထူးရထားကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး အထူးရထားပေါ်သို့ တက်ရောက်၍ လိုက်ပါစီးနင်းကြသည့် ဒေသခံပြည်သူများအား ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်ပစ္စည်းများကို ပေးအပ်ကြကာ လမ်းတစ်လျှောက်ရှိ ဘူတာအသီးသီးတို့မှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဖောက်လုပ်တည်ဆောက်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ၁၉၈၈ခုနှစ် မတိုင်မီက ရထားလမ်းအရှည် ၁၉၇၆ ဒသမ၃၅မိုင်သာ ရှိခဲ့ရာ တပ်မတော်အစိုးရလက်ထက်တွင် ယနေ့ဖွင့်လှစ်သည့် ပျော်ဘွယ်(ရန်အောင်)-ရွာတော်ရထားလမ်း အပါအဝင် ရထားလမ်းအရှည် စုစုပေါင်း ၃၃၃၅ ဒသမ ၄၅မိုင်ကို လည်းကောင်း၊ ၁၉၈၈ခုနှစ်မတိုင်မီ ဘူတာပေါင်း ၄၈၈ဘူတာရှိခဲ့ရာ တပ်မတော်အစိုးရလက်ထက်တွင် ယနေ့ဖွင့်လှစ်သည့် ပျော်ဘွယ် (ရန်အောင်)-ရွာတော်လမ်းပိုင်းရှိ ဘူတာငါးဘူတာအပါအဝင် ၃၆၁ဘူတာကို တိုးချဲ့တည်ဆောက်နိုင်ခဲ့သဖြင့် ယနေ့ ဘူတာစုစုပေါင်း ၈၄၉ဘူတာကို လည်းကောင်း၊ ၁၉၈၈ခုနှစ်မတိုင်မီက တံတားကြီး၊ တံတားငယ်စုစုပေါင်း အစင်း ၅၆၅၀ ရှိရာ တပ်မတော်အစိုးရလက်ထက်တွင် ၅၀၄၄စင်း ထပ်မံတည်ဆောက်နိုင်ခဲ့သဖြင့် ယနေ့အချိန်တွင် တံတားကြီး၊ တံတားငယ် စုစုပေါင်း ၁၀၆၉၄စင်းကို လည်းကောင်း ဖောက်လုပ်တည်ဆောက်နိုင်ခဲ့ပြီး ဖြစ်သည်။

ထို့အတူ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနသည် နိုင်ငံအနှံ့ ရထားလမ်းများ ဖောက်လုပ်ပေးလျက်ရှိရာ ကသာ-ဗန်းမော် ရထားလမ်း ၉၈မိုင်၊ မိုးနဲ-ကျိုင်းတုံ ရထားလမ်း ၂၂၆မိုင်၊ ထားဝယ်-မြိတ်ရထားလမ်း ၁၃၂ ဒသမ ၅၀မိုင်၊ မင်းဘူး-အမ်း-ရေချမ်းပြင်ရထားလမ်း ၂၄၅ဒသမ ၅၄မိုင်၊ ပုသိမ် (ဘဲဂရက်)-ညောင်တုန်း-ရန်ကုန် (လှိုင်သာယာ)ရထားလမ်း ၈၉မိုင်၊ ပြည် (ရွှေတံခါး)-တောင်ငူ(ကျေးတော)-နေပြည်တော် ရထားလမ်းမိုင် ၁၂၀၊ ဟင်္သာတ-ညောင်တုန်း ရထားလမ်း ၄၈မိုင်၊ သရက်-ကျွန်းချောင်းရထားလမ်း ၁၉၀ ဒသမ ၈၆ မိုင်၊ ရွာတော်-ကန့်ပြားရထားလမ်း ၆၅ ဒသမ ၂၀မိုင်နှင့် ပဲခူး-ဟံသာဝတီ လေဆိပ် ရထားလမ်း ၄ ဒသမ ၆၆မိုင်တို့ကို ဆက်လက်ဖောက်လုပ်နေဆဲဖြစ်ပြီး လားရှိုး-မူဆယ်ရထားလမ်း ၁၄၅မိုင်၊ ကလေး-တမူးရထားလမ်း ၈၄ ဒသမ ၃၅မိုင်နှင့် ပဲခူး-ခရမ်း-သုံးခွ-သန်လျင် (အုတ်ဖိုစု) ရထားလမ်း ၆၇ ဒသမ ၂၅မိုင်တို့ကို တိုးချဲ့ဖောက်လုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ ပျော်ဘွယ်-နတ်မောက်-မကွေးရထားလမ်းမကြီး၏ ပျော်ဘွယ်(ရန်အောင်)-ရွာတော်ရထားလမ်းပိုင်းသစ်တွင် ရထားစတင်ပြေးဆွဲစဉ်။ (သတင်းစဉ်)

17-1 (03).pmd 1 1/17/2010, 2:58 AM

နည်းပညာပြပွဲ

နီပေါနိုင်ငံ ခတ္တမန္ဒူ မြို့၌ ကျင်းပသည့် (၁၆) ကြိမ်မြောက် နည်းပညာပြပွဲကို ဇန်နဝါရီ ၁၄ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အပစ်အခတ်ရပ်စဲ၍ ဈေးစပ်ဆွေးနွေးပွဲပြုလုပ်ရန် ဒါဖာသူပုန်များအား ဆူဒန်သမ္မတတိုက်တွန်း

အယ်လ်ဖာရှာ(ဆူဒန်) ဇန်နဝါရီ ၁၆

ဒါဖာဒေသတွင် တိုက်ခိုက်မှုများရပ်တန့်ပြီး ဒေသအတွင်း အနှစ်သာရရှိသောငြိမ်းချမ်းရေးရရှိအောင် မဖြစ်မနေ ဈေးစပ်ဆွေးနွေး အဖြေရှာသွားရန် ဆူဒန်သမ္မတအိုမာအယ်လ်ဘာရှာက ဒါဖာသူပုန်များအား ဇန်နဝါရီ ၁၄ရက်က တိုက်တွန်းပြောကြားလိုက်သည်။

ငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်ရန်အတွက် မိမိတို့ ကတိပြုထားကြောင်း ဆူဒန်သမ္မတက မြောက်ဒါဖာပြည်နယ် မြို့တော် အယ်လ်ဖာရှာအားကစားရုံ၌ ကျင်းပသည့် အစည်းအဝေးတစ်ရပ်တွင် ထည့်သွင်းပြောကြားသွားသည်။

ကြိုးပမ်းဆောင်ရွက်

ဒါဖာသူပုန်များအနေဖြင့်လက်နက်ချရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်ရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လည်း ဆူဒန်သမ္မတက ထပ်လောင်းပြောကြားသည်။

(အင်တာနက်)

၂၀၁၀ခုနှစ်၏ ပထမဆုံးအကြိမ် ရုရှားအာကာသယာဉ်မှူးနှစ်ဦး အာကာသဟင်းလင်းပြင်၌ လမ်းလျှောက်

မော်စကို ဇန်နဝါရီ ၁၆

နိုင်ငံတကာအာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်)ရှိ ရုရှားအာကာသယာဉ်မှူးနှစ်ဦးသည် ၂၀၁၀ခုနှစ်အတွင်း အာကာသ၌ ပထမဦးဆုံးအကြိမ်အဖြစ် ဇန်နဝါရီ ၁၄ရက်က လမ်းလျှောက်ကြကြောင်း မော်စကိုမြို့ပြင်ရှိ အာကာသထိန်းချုပ်ရေးဌာနက သတင်းထုတ်ပြန်သည်။

စတင်လမ်းလျှောက်

အာကာသယာဉ်မှူးနှစ်ဦးဖြစ်သော အောလစ်ကိုတော့ဗ်နှင့် မာဇင်ဆူရာယက်တို့သည် နိုင်ငံတကာ အာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်)မှနေ၍ ထိုနေ့မော်စကို စံတော်ချိန် မွန်းလွဲ ၁နာရီ ၅မိနစ်အချိန်တွင် စတင်လမ်းလျှောက်ကြသည်။ အာကာသဟင်းလင်းပြင်တွင် ၅နာရီနှင့်မိနစ် ၄၀ ကြာသည်ဟု အာကာသထိန်းချုပ်ရေးဌာနပြောရေးဆိုခွင့်ရှိသူ ဗလာရီလျှိုင်ဒင်က ပြောကြားသည်။

သီးသန့်တည်ဆောက်

အာကာသယာဉ်မှူးနှစ်ဦးတို့သည် အာကာသယာဉ်တွင် သီးသန့်တည်ဆောက်ထားသည့် မိုဂျူးများဖြစ်သောပိုင့်စ်နှင့် ဇဗ္ဗေဇဒါတို့အကြား ဆက်သွယ်ရေးနန်းကြိုးများကို ဆက်ပေးကြသည်ဟုလည်း လျှိုင်ဒင်ကပြောကြားသည်။ (အင်တာနက်)

၂၀၀၉ခုနှစ်အတွင်း အာဖဂန်၌ အရပ်သားများသေဆုံးမှု အများဆုံးဖြစ်

ကာဘူးလ် ဇန်နဝါရီ ၁၆

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်တပ်ဖွဲ့ဝင်များ စတင်ဝင်ရောက်ကျူးကျော်ခဲ့ချိန် ၂၀၀၁ခုနှစ်မှစတင်သော် ၂၀၀၉ ခုနှစ်သည် အရပ်သားများ သေဆုံးမှုနှင့် နိုင်ငံခြားတပ်ဖွဲ့ဝင်များ သေဆုံးမှုအများဆုံးနှစ်ဖြစ်ကြောင်း ကုလသမဂ္ဂက သတင်းထုတ်ပြန်သည်။

မြင့်တက်လာ

အာဖဂန်၌ ၂၀၀၈ခုနှစ်က သေဆုံးမှုအရေအတွက်ထက် ၂၀၀၉ခုနှစ်၌ သေဆုံးမှုအရေအတွက်မှာ ၁၄ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း အာဖဂန်နစ္စတန်ဆိုင်ရာ ကုလသမဂ္ဂမစ်ရှင်အဖွဲ့က ပြောကြားသည်။

ပြီးခဲ့သည့် ၂၀၀၉ခုနှစ်အတွင်း အာဖဂန်၌ဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် အရပ်သား ၂၄၀၀ကျော် သေဆုံးခဲ့သကဲ့သို့ နိုင်ငံခြားတပ်ဖွဲ့ဝင် ၅၂၀မှာလည်း သေဆုံးခဲ့သည်။ **(အင်တာနက်)**

ငွေကြေးဆိုင်ရာ အဆင့်မြင့်ညီလာခံ ဆိုးလ်မြို့တော်တွင် ကျင်းပမည်

ဝါရှင်တန် ဇန်နဝါရီ ၁၆

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့နှင့် တောင်ကိုရီးယားအစိုးရတို့ပူးပေါင်း၍ အာရှဆိုင်ရာ နိုင်ငံတကာ အဆင့်မြင့်ညီလာခံကို တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်၌ ဇူလိုင် ၁၂ရက်မှ ၁၃ရက်အတွင်း ကျင်းပရန် စီစဉ်ထားသည်ဟု ဆင်ဟွာသတင်း၌ ဖော်ပြသည်။

တက်ရောက်မည်

အဆိုပါညီလာခံသို့ စီးပွားရေးဆိုင်ရာ အရေးပါသောပုဂ္ဂိုလ်များ၊ ငွေကြေးဈေးကွက်ကျွမ်းကျင်ပညာရှင်များ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များ၊ သတင်းထောက်များနှင့် ဘဏ္ဍာရေးဝန်ကြီးများ၊ ဗဟိုဘဏ် ဥက္ကဋ္ဌများအပါအဝင် အခြားမူဝါဒချမှတ်သူ အကြီးအကဲများ ပါဝင်တက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ



မီးဘေးကာကွယ်ရေးလေ့ကျင့်

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲအတွက် မီးဘေးကာကွယ်ရေးလေ့ကျင့်မှု ပြုလုပ်နေသည်ကို ဇန်နဝါရီ ၁၄ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ကမ္ဘာ့အရပ်အရှည်ဆုံးလူနှင့် အရပ်အပုဆုံးလူတို့တွေ့ဆုံ

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ကမ္ဘာ့အရပ်အရှည်ဆုံးလူနှင့် အရပ်အပုဆုံးလူတို့ တွေ့ဆုံခဲ့သည်ကို ဇန်နဝါရီ ၁၄ ရက်က တွေ့ရစဉ်။

(တူရကီနိုင်ငံမှ ကမ္ဘာ့အရပ်အရှည်ဆုံးလူ ဆူလ်တန်ကိုဆန်မှာ အရပ် ၈ ပေ ၁လက်မရှိကာ တရုတ်နိုင်ငံမှ ကမ္ဘာ့အရပ်အပုဆုံးလူ ဟီပင်ပင်းမှာ အရပ် ၂ပေ ၅လက်မသာရှိကြောင်း သိရသည်။)

(အင်တာနက်ဓာတ်ပုံ)

တရုတ်ကမ်းလွန်၌ ပင်လယ်ရေခဲမှု ငါးဖမ်းလုပ်ငန်းထိခိုက်

ကျိုးနန် ဇန်နဝါရီ ၁၆

တရုတ်နိုင်ငံ အရှေ့ဘက်ကမ်းလွန်ရှိ ပင်လယ်ရေခဲမှုသည် ငါးများကို သေဆုံးစေသည့်အတွက် ငါးဖမ်းလုပ်ငန်းကိုပါ ထိခိုက်နစ်နာစေကြောင်းနှင့် အဆိုပါ ပင်လယ်ရေခဲမှုသည် ယခုထက် ပိုမိုဆိုးရွားလာဖွယ်ရှိကြောင်း နိုင်ငံတော် ပင်လယ်သမုဒ္ဒရာ ကွပ်ကဲအုပ်ချုပ်မှုဌာနက ဇန်နဝါရီ ၁၅ရက်၌ ထုတ်ဖော်သတိပေးလိုက်သည်။

ဖုံးအုပ်ထား

တရုတ်နိုင်ငံ ရှန်တုန်ပြည်နယ် အရှေ့ဘက်ကမ်းလွန် ပိုဟိုင်းပင်လယ်၏ ၄၀ ရာခိုင်နှုန်းကျော်ကို စတုရန်းကီလိုမီတာ ၃၀၀၀၀ရှိသည့် ရေခဲပြင်ကြီးက ဖုံးလွှမ်းထားသည်ဟု သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးဌာနမှ ညွှန်ကြားရေးမှူးချုပ် လင်ရှန်ကင်းက ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ဓာတ်ငွေ့ဝယ်ယူမည့် ရေတိုသဘောတူညီချက် အဇာဘိုင်ဂျန်နှင့်အီရန် လက်မှတ်ရေးထိုး

တီဟီရန် ဇန်နဝါရီ ၁၆

အီရန်အမျိုးသား သဘာဝဓာတ်ငွေ့တင်ပို့ရေးကုမ္ပဏီ(အင်န်အိုင်ဂျီအီးစီ)က အိမ်နီးချင်း အဇာဘိုင်ဂျန်မှ သဘာဝဓာတ်ငွေ့ကို ဝယ်ယူတင်သွင်းမည့် ရေတိုသဘောတူညီချက်တစ်ရပ်ကို ဇန်နဝါရီ ၁၄ရက်၌ လက်မှတ်ရေးထိုးသည်။

ဆွေးနွေးညှိနှိုင်း

အဆိုပါ သဘောတူညီချက်ကို အင်န်အိုင်ဂျီအီးစီနှင့်အဇာဘိုင်ဂျန်ရေနံကုမ္ပဏီ(အက်စ်အိုစီအေအာရ်)တို့က လက်မှတ်ရေးထိုးကြသည်။ အီရန်သို့တင်ပို့မည့် သဘာဝဓာတ်ငွေ့သည် စုစုပေါင်းကုဗမီတာ သန်း၁၀၀ရှိမည်ဖြစ်ကြောင်း၊ သုံးလတာ ရေတိုသဘောတူ ကာလအတွင်း အီရန်နှင့်အဇာဘိုင်ဂျန်တို့အနေဖြင့် အီရန်က အဇာဘိုင်ဂျန်မှ သဘာဝဓာတ်ငွေ့ဝယ်ယူရေး ရေရှည်သဘောတူညီချက်တစ်ရပ်အတွက် ဆွေးနွေးညှိနှိုင်းမည်ဖြစ်သည်ဟု အင်န်အိုင်ဂျီအီးစီ ဦးဆောင်ညွှန်ကြားရေးမှူး ကာဆေဇီဒါက ပြောကြားသည်။ **(အင်တာနက်)**

အိန္ဒိယအရှေ့ပိုင်း၌ ကားမှောက်မှုဖြစ်ပွား ၃၂ ဦးသေဆုံး

နယူးဒေလီ ဇန်နဝါရီ ၁၆

အိန္ဒိယနိုင်ငံအရှေ့ပိုင်းရှိ ဂျာခန်ပြည်နယ်တွင် ထရပ်ကားတစ်စီး ဇန်နဝါရီ ၁၅ရက်က လမ်းချော်ပြီး ချောက်အတွင်း ထိုးကျခဲ့သဖြင့် ၃၂ဦးထက်မနည်းသေဆုံးပြီး အခြား ၁၃ ဦး ဒဏ်ရာရရှိကြောင်း အိန္ဒိယ-အာရှသတင်းဌာနက ဖော်ပြသည်။

မတော်တဆဖြစ်

ကယ်ဆယ်ရေးလုပ်ငန်းများစတင်ဆောင်ရွက်နေပြီး ဒဏ်ရာရရှိသူများကို ဒေသန္တရဆေးရုံသို့တင်ပို့ထားသည်။ အလုပ်သမားများသည် ဘီဟာပြည်နယ်ရှိ လယ်ယာစိုက်ခင်းများတွင် အလုပ်လုပ်ကိုင်ပြီး ဂါဝါရှိ ၎င်းတို့ရွာများသို့ ပြန်လာစဉ် ယင်းကဲ့သို့ တိမ်းမှောက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဘိုလီးဗီးယားမူးယစ်မှောင်ခိုမှုတိုက်ဖျက်ရေး တရုတ်နှင့်ရုရှားမှ စစ်လေယာဉ်များဝယ်ယူ

လာပက်ဇ် ဇန်နဝါရီ ၁၆

ဘိုလီးဗီးယားအစိုးရ၏ မူးယစ်ဆေးဝါး မှောင်ခိုတိုက်ဖျက်ရေးလုပ်ငန်းများအတွက် ယခုနှစ်အတွင်း တရုတ်ပြည်မှ စစ်လေယာဉ်ခြောက်စင်းနှင့် ရုရှားနိုင်ငံမှ ရဟတ်ယာဉ် ၁၀ စင်း ဝယ်ယူရန်စီစဉ်ထားကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

ရောက်ရှိမည်

ယင်းအစီအစဉ်အရ အမေရိကန်ဒေါ်လာ ၅၈ သန်းပေးချေရမည့် တရုတ်လေယာဉ်များသည် ၁၈လအတွင်း ရောက်ရှိလာမည်ဖြစ်ကြောင်း ဘိုလီးဗီးယားကာကွယ်ရေးဝန်ကြီး ဝပ်ကာစန်မီဂူလ်၏ ပြောကြားချက်ကို ဇန်နဝါရီ ၁၄ရက်တွင် ဒေသတွင်း အသံလွှင့်ဌာနက ကြေညာသည်။

စွမ်းရည်မြှင့်တင်

ဘိုလီးဗီးယားပိုင်နက်နယ်မြေအတွင်းမှ အမေရိကန်မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့ဝင်များကို နှင်ထုတ်ပြီးနောက် မူးယစ်ဆေးဝါးမှောင်ခိုတိုက်ဖျက်ရေးစွမ်းရည်မြှင့်တင်ရန် ယခုကဲ့သို့ဆောင်ရွက်ခြင်းဖြစ်ကြောင်း သတင်း၌ ဆက်လက်ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ပေကျင်းမြို့၌ အရှည် ၁၂မီတာရှိသည့် မဟာတံတိုင်း ပုံသဏ္ဍာန် ချောကလက်ပြုလုပ်နေသည်ကို ဇန်နဝါရီ ၁၄ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

မန်စီးနီးလက်ထက် မန်စီးတီးရှုံးပွဲစတွေ့ ချယ်လ်ဆီးဂိုးပြတ်သွင်း၊ မန်ယူတို့ ဘန်လေကို ရှုံးကြေးဆပ်

ဖောင်ပိတ်ပရီမီယာလိဂ်သတင်း ➤ ရေးသူ - မောင်မောင်မြင့်ဆွေ

လန်ဒန် ဇန်နဝါရီ ၁၆

ပရီမီယာလိဂ်ပွဲစဉ်(၂၂)ကို ဇန်နဝါရီ ၁၆ရက်၌ ဆက်လက်ယှဉ်ပြိုင်ရာ မန်ယူက ဘန်လေကို သုံးဂိုးပြတ်ဖြင့် အနိုင်ရသော်လည်း လီဗာပူးက အဝေးကွင်း၌ စတုတ်နှင့် မမျှော်လင့်ဘဲ တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ပြန်သဖြင့် နည်းပြ ဘင်နီတက်ဇ် အိမ်အပြန် မျက်နှာပန်းမလှ ဖြစ်ခဲ့ရသည်။

မန်ယူနှင့် ဘန်လေ

အိုးထရက်ဖို့ဒ်၌ မန်ယူတို့ ပထမပိုင်း၌ ဂိုးမသွင်းနိုင်ခဲ့ပေ။ ရွှန်နေ၊ ဘာဘာတော့ဗ်၊ ဗလင်စီယာနှင့် နာနီတို့ ဘန်လေနောက်တန်းကို အကြိမ်ကြိမ်ထိုးဖောက်ကစားခဲ့သည်။ မန်ယူတို့ ဒုတိယပိုင်း၌ ကစားအားတင်ခဲ့ရာမှ ၆၄မိနစ်၌ ရွှန်နေပေးလိုက်သည့် ဘောလုံးကို ဘာဘာတော့ဗ်က ဘယ်ခြေနှင့် ကန်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။ မန်ယူတို့ ဆက်တိုက်ဖိကစားရာ ၆၉မိနစ်၌ ဂိုးဧရိယာအတွင်းမှ ရွှန်နေအနီးကပ်ကန်သွင်းယူခဲ့သဖြင့် ဒုတိယဂိုးရရှိခဲ့သည်။ မန်ယူတို့ ဂိုးထပ်မံသွင်းယူနိုင်ရေး ကြိုးစားခဲ့ရာ မိနစ် ၉၀၌ ဒီအော့ဗ်က တစ်ဂိုးသွင်းယူခဲ့သဖြင့် သုံးဂိုးပြတ်ဖြင့် အိုးထရက်ဖို့ဒ်၌ မန်ယူတို့ အောင်ပွဲခံနိုင်ခဲ့သည်။

မန်ယူအတွက် အဖွင့်ဂိုးကို ဘာဘာတော့ဗ်(ယာ) က ဤသို့ သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ချယ်လ်ဆီးနှင့် ဆန်းဒါးလန်း

အိမ်ကွင်း၌ ချယ်လ်ဆီးတို့ အသာစီးမှ ကစားနိုင်ခဲ့သည်။ အနယ်လ်ကာ၊ မာလူဒါ၊ ဂျိုလ်ကိုး၊ ဘောလက်နှင့်လမ်းပတ်တို့ အတွဲညီညီကစားနိုင်ခဲ့မှုကြောင့် ၈မိနစ်၌ အနယ်လ်ကာက အဖွင့်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ချယ်လ်ဆီးတို့ ဆက်တိုက် ဖိကစားခဲ့ရာ ဆန်းဒါးလန်းခံစစ်မှူးများဖြစ်သည့် ကာနာ၊ ဒါဆေးလ်ဗားနှင့် ဘတ်စလေတို့ မဟန့်တား နိုင်ခဲ့ချေ။ ထို့ကြောင့် ၁၇မိနစ်၌ မာလူဒါ၊ ၂၁မိနစ်၌ အက်ရှလေကိုး၊ ၃၄မိနစ်၌ လမ်းပတ်၊ ၅၂မိနစ်၌ ဘောလက်တို့က တစ်ဂိုးစီဆက်တိုက်သွင်းယူခဲ့သည်။ ဆန်းဒါး လန်းအတွက် ချေပဂိုးကို ၅၆မိနစ်၌ ဇန်ဒန်းက သွင်းယူပေးခဲ့သည်။ သို့သော် ၆၅မိနစ် တွင် အနယ်လ်ကာက ချယ်လ်ဆီးအတွက် တစ်ဂိုးထပ်မံသွင်းယူခဲ့ပြန်သည်။ ဆန်းဒါးလန်းတို့ ချယ်လ်ဆီးတိုက်စစ်ကို မထိန်းနိုင်ဘဲရှိနေရာမှ မိနစ် ၉၀၌ လမ်းပတ်က တစ်ဂိုး ထပ်မံသွင်းယူသည်။ ဆန်းဒါးလန်းတို့က နောက်ဆုံးအချိန်အထိ ချေပဂိုး ရရှိရေး ကြိုးစားခဲ့ရာ မိနစ် ၉၀၌ ဒါရင်ဘင့်က ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ပွဲအပြီး၌ ချယ်လ်ဆီးတို့က ခုနစ်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

စတုတ်နှင့် လီဗာပူး

တောရက်စ်၊ ဂျရတ်၊ ဘီနာယောင်တို့ ပါဝင်ခြင်းမရှိသည့် လီဗာပူးသည် အဝေးကွင်း၌ စတုတ်ကို ခက်ခက်ခဲခဲ ကစားခဲ့ရသည်။ ဒရက်ကွတ်၊ ဒီဂန်၊ အော်ရီလီရို၊ မာရှေယာနို နှင့် လူးကပ်စ်တို့ကို ထုတ်သုံးခဲ့သော်လည်း လီဗာပူးတို့ ပထမပိုင်းပွဲချိန်အတွင်း ဂိုးမသွင်းနိုင်ခဲ့ချေ။ အိမ်ကွင်း၌ စတုတ်တို့က အကွက်စေ့စေ့ဖြင့် ကစားခဲ့မှုကြောင့် လီဗာပူးတို့ အပိုင်ကန်သွင်းခွင့် နည်းခဲ့သည်။ သို့သော် လီဗာပူးအတွက် အဖွင့်ဂိုးကို ၅၈မိနစ်၌ နောက်ခံလူ ကိုင်ကီရာကို့စ်က သွင်းယူပေးခဲ့သည်။ စတုတ်တို့ ချေပဂိုး ရရှိရေးအတွက် တွန်ကေး၊ ဒီလက်ပ်နှင့် ဆစ်ဒီဘီတို့ ကြိုးစားသော်လည်း လီဗာပူး နောက်တန်းကို ထိထိရောက်ရောက် မကျော်ဖြတ်နိုင်ခဲ့ချေ။ လီဗာပူးတို့လည်း ဂိုးထပ်မံ မသွင်းနိုင်ဘဲ ရှိနေရာပွဲချိန်ပြည့်ခါနီး မိနစ် ၉၀၌ စတုတ်နောက်ခံလူ ရောဘတ်ဟုသ်က ချေပဂိုး သွင်းယူလိုက်သဖြင့် တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပြီး တစ်မှတ်စီ ခွဲယူခဲ့ကြရသည်။

ဘာမင်ဂမ်နှင့် ပို့စ်မောက်တို့ ပွဲစဉ်ကိုမူ ရာသီဥတု ဆိုးရွားမှုကြောင့် ရက်ရွှေ့ဆိုင်းခဲ့သည်။

အခြားပွဲရလဒ်

စပါး	၀ - ၀	ဟူးလ်စီးတီး	
ဝုဖ်	၀ - ၂	ဝီဂန်	
အဲဗာတန်	၂ - ၀	မန်စီးတီး။	

(အင်တာနက်)

ဂိုးသွင်းယူ

စတုတ်နှင့် လီဗာပူးတို့ပွဲတွင် လီဗာပူးအတွက် နောက်ခံလူ ကိုင်ကီရာကို့စ်က ဤသို့ သွင်းယူပေးခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း ဟေတီငလျင် နောက်ဆက်တွဲသတင်း

အပျက်အစီးပုံအောက်မှ ကလေးငယ်တစ်ဦးကို ကယ်နိုင် ငလျင်ကြောင့် သေဆုံးသူ ၁၄၀၀၀၀ ခန့်ရှိလာ

➤ သတင်းမှတ်စု - မောင်ချစ်ကြည်

ပို့အော်ပရင့်စ် ဇန်နဝါရီ ၁၆

ငလျင်ဒဏ် ကြုံတွေ့ခံစားခဲ့ရသည့် ဟေတီကျွန်းနိုင်ငံတွင် နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့များက နေရာဒေသ အသီးသီးခွဲကာ အဆောက်အအုံ အပျက်အစီးပုံများကို ရှင်းလင်းဖယ်ရှားပြီး ကယ်ဆယ်ရေးလုပ်ငန်းများ အလျင်အမြန် ဆောင်ရွက် လျက်ရှိသည်။

ကယ်ဆယ်နိုင်

မြို့တော် ပို့အော်ပရင့်စ်ရှိ ပြိုကျပျက်စီးနေသော အဆောက်အအုံအောက်မှကလေးငိုသံကြားရသဖြင့် ဗြိတိသျှ ကယ်ဆယ်ရေးအဖွဲ့ဝင်များက အပျက်အစီးများကို ဖယ်ရှားရှင်းလင်းခဲ့ရာ နှစ်နှစ်အရွယ်သမီးငယ်လေးတစ်ဦးအား အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့သည်။

သေဆုံး

ကယ်ဆယ်ရေးအဖွဲ့များက ပို့အော်ပရင့်စ်မြို့ရှိ ပြိုကျနေသော စာသင်ကျောင်း တစ်ကျောင်း၏ အပျက်အစီးများအား ဖယ်ရှားရှင်းလင်းခဲ့ရာ မူလတန်းကလေးငယ် ၇၅ ဦး သေဆုံးနေသည်ကို ကြေကွဲဖွယ်မြင်တွေ့ခဲ့ကြရသည်။

ထောက်ပံ့

ပို့အော်ပရင့်စ်မြို့ရှိ နေအိမ်နှင့် အဆောက်အအုံ အပျက်အစီးများကို ဖယ်ရှားကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသလို ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်ကလည်း ငလျင်ဒဏ်ကြုံတွေ့ခံစားရသည့် ပြည်သူနှစ်သန်းကျော်အား အစားအစာနှင့် သောက်သုံးရေများ အလျင်အမြန် ထောက်ပံ့ ဖြန့်ဝေပေးလျက်ရှိသည်။

ရောက်ရှိလာ

ထို့အတူ နိုင်ငံတကာမှ ကယ်ဆယ်ရေး ထောက်ပံ့ပစ္စည်းများ ပေးပို့လျက်ရှိရာ ဟေတီကျွန်းနိုင်ငံ၏ အရေးပေါ်ကယ်ဆယ်ရေးဌာနသို့ ကယ်ဆယ်ထောက်ပံ့ရေး ပစ္စည်းမျိုးစုံ တန် ၁၀၀ ကျော်ကို ဇန်နဝါရီ ၁၆ ရက်က လေယာဉ်များဖြင့် ရောက်ရှိလာသည်။

ကျင်းပ

ငလျင်ဒဏ်ကြောင့် ဆိုးရွားစွာပျက်စီးသွားသော ဟေတီကျွန်းနိုင်ငံ ပြန်လည်တည်ဆောက်ရေးအတွက် ကနေဒါ၊ ဘရာဇီး၊ ပြင်သစ်၊ အမေရိကန်၊ ဂျာမနီ၊ ဗြိတိန်နှင့် နိုင်ငံတကာမှ လူမှုရေးအဖွဲ့အစည်းများက ဆွေးနွေးပွဲတစ်ရပ် ကျင်းပမည်ဖြစ်သည်။

လောလောဆယ်၌ ဆေးဝါးနှင့် လူ့အသုံးအဆောင်ပစ္စည်းများ ဖြန့်ဝေမှုလိုအပ်နေဆဲဖြစ်ကြောင်း ဗြိတိသျှကယ်ဆယ်ရေးအဖွဲ့မှ အရာရှိတစ်ဦးဖြစ်သူ မိုက်သောမတ်က ပြောကြားသည်။

ပြောကြား

ဟေတီကျွန်းနိုင်ငံတွင် ငလျင်ဒဏ်ကြောင့် ဇန်နဝါရီ ၁၆ ရက်အထိ သေဆုံးသူဦးရေမှာ ၁၄၀၀၀၀ခန့် ရှိလာကြောင်း ပို့အော်ပရင့်စ်အာဏာပိုင်များက ပြောကြားသည်။ ။

(အင်တာနက်)

ကလေးငယ်အား ကယ်ဆယ်နိုင်

ဟေတီကျွန်းနိုင်ငံ မြို့တော် ပို့အော်ပရင့်စ်ရှိ ပြိုကျပျက်စီးနေသော အဆောက်အအုံတစ်ခု အောက်တွင် ပိတ်မိနေသော နှစ်နှစ်အရွယ် သမီးငယ်အား ကယ်ဆယ်ရေးအဖွဲ့များက ဤသို့ ကယ်ဆယ်နိုင်ခဲ့သည်။

(အင်တာနက်ဓာတ်ပုံ)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

အာဖဂန်ကိုပံ့ပိုးထောက်ခံရန် နေတိုးအကြီးအကဲ တိုက်တွန်း

လန်ဒန်မြို့တွင်ကျင်းပမည့် အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ နိုင်ငံတကာညီလာခံကို ပံ့ပိုးထောက်ခံသွားကြရန် မြောက်အတ္တလန္တိတ်စစ်စာချုပ်အဖွဲ့(နေတိုး)အတွင်းရေးမှူးချုပ် အင်ဒါစ်ဖို့ရာ့စ်မူဆင်က အာဖဂန်သို့ တပ်ဖွဲ့ဝင်များစေလွှတ်သည့် နိုင်ငံအားလုံးကို တိုက်တွန်းပြောကြားလိုက်သည်။

အမ်အိုင်ဂျီ-၂၉ကေ တိုက်လေယာဉ်များ ရုရှားဝယ်ယူမည်

ရုရှားရေတပ်သည် လေယာဉ်တင်သင်္ဘောပေါ်တွင်ထားရှိမည့် အမ်အိုင်ဂျီ-၂၉ ကေ အမျိုးအစားတိုက်လေယာဉ် ပထမအသုတ်ဝယ်ယူသွားရန် စီစဉ်ထားကြောင်း ရုရှားရေတပ် အရာရှိတစ်ဦးက ဇန်နဝါရီ ၁၆ရက်၌ ပြောကြားသည်။ *(အောက်ပုံ)*

ဟေတီသို့ဒေါ်လာသန်း ၅၅၀ကူညီရေး ကုလမေတ္တာရပ်ခံ

ဟေတီနိုင်ငံမြေငလျင်ကယ်ဆယ်ရေးလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာသန်း ၅၅၀ ကူညီထောက်ပံ့ပေးရန် ကုလသမဂ္ဂက နိုင်ငံတကာကို မေတ္တာရပ်ခံကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားသည်။

ပြင်သစ်၌ ဆေးခြောက်နှစ်တန်ခွဲသိမ်းဆည်းရမိ

ပြင်သစ်အကောက်ခွန်အရာရှိများက ဆေးခြောက် ၂ဒသမ၅တန်ကျော် သိမ်းဆည်းရမိလိုက်ကြောင်း ပြင်သစ်အနောက်တောင်ပိုင်းဒေသဆိုင်ရာ အကောက်ခွန်ညွှန်ကြားရေးမှူး ဘေယွန်းက ဇန်နဝါရီ ၁၆ရက်တွင် ပြောကြားသည်။ အကောက်ခွန်ဌာနမှ အနံ့ခံခွေးစုံထောက်က အဆိုပါဆေးခြောက်များကို တွေ့ရှိခြင်းဖြစ်သည်။

ဂျီ -၂၀ ထိပ်သီးညီလာခံ ပဏာမအစည်းအဝေးကျင်းပ

မက္ကဆီကိုနိုင်ငံသည် ဂျီ-၂၀ ထိပ်သီးညီလာခံ ပဏာမအစည်းအဝေးကို လက်ခံကျင်းပလျက်ရှိကြောင်း၊ ယင်းပဏာမအစည်းအဝေးသို့ ဂျီ-၂၀အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးဌာန အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြကြောင်း၊ ယင်းအရာရှိကြီးများသည် ထိပ်သီးညီလာခံအတွက် ကူညီပြင်ဆင်နေကြခြင်းဖြစ်ကြောင်း မက္ကဆီကို နိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၆ရက်တွင် သတင်းထုတ်ပြန်သည်။

နီပေါအရှေ့မြောက်ပိုင်း၌ အအေးလွန် သေဆုံးသူ ၂၁ဦးရှိ

နီပေါနိုင်ငံအရှေ့မြောက်ပိုင်း ဆက်တာရီခရိုင်တွင် ရေခဲသည်အထိ အအေးဓာတ်လွန်ကဲသဖြင့် သေဆုံးသူဦးရေသည် ဇန်နဝါရီ ၁၆ရက်တွင် ၂၁ဦးအထိ ရှိသွားပြီဖြစ်ကြောင်း ဇန်နဝါရီ ၁၆ရက်ထုတ် နီပေါသတင်းစာ၌ ဖော်ပြထားသည်။

စိတ်ရောဂါကုဆေးရုံ၌ စိတ်ရောဂါရှင် ၂၆ဦးသေဆုံး

ကျူးဘားနိုင်ငံ မြို့တော်ဟာဗားနားရှိ စိတ်ရောဂါကုဆေးရုံတစ်ရုံ၌ မကြုံစဖူး ထူးကဲသော အအေးလွန်ကဲမှုကြောင့် စိတ်ရောဂါရှင် ၂၆ဦး သေဆုံးသွားရကြောင်း ကျူးဘား အစိုးရက ဇန်နဝါရီ ၁၅ရက်တွင် အတည်ပြုကြေညာသည်။

အရှေ့အာရှ-လက်တင်အမေရိက ပူးပေါင်းရေးဆွေးနွေး

အရှေ့အာရှနှင့် လက်တင်အမေရိက ၃၄နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အဆင့်မြင့်သံတမန်များသည် နိုင်ငံတကာမီသားစုများအပါအဝင် အရှေ့အာရှနှင့် လက်တင်အမေရိကနိုင်ငံများ၏ အရှေ့အာရှ-လက်တင်အမေရိက ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်(အက်ဖ်အီး အေအယ်လ်အေစီ)၌ ရင်ဆိုင်ရမည့် ပြဿနာရပ်များကို ဆွေးနွေးနိုင်ရန် ဂျပန်နိုင်ငံ မြို့တော်တိုကျိုသို့ ဇန်နဝါရီ ၁၆ရက်က စုဝေးရောက်ရှိလာကြသည်။

အောက်စ်ဖို့ဒ်လေဆိပ်အနီး လေယာဉ်ငယ်တစ်စင်းပျက်ကျ

ဗြိတိန်နိုင်ငံအောက်စ်ဖို့ဒ်လေဆိပ်အနီးတွင် အသေးစားလေယာဉ်တစ်စင်း ဇန်နဝါရီ ၁၅ရက်က ပျက်ကျသွားရာ နှစ်ဦးသေဆုံးသွားကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ကြေညာသည်။ ***(အပေါ်ပုံ)***

အမြန်ရထားလမ်းဖောက်လုပ်ရေး ခွင့်ပြုချက်ရရှိ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီယန်နှင့်ချိန်တူမြို့ကိုဆက်သွယ်မည့် အမြန်ရထားလမ်းဖောက်လုပ်ရေးအတွက် တရုတ်အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ပြုပြင်ရေးကော်မရှင်၏ ခွင့်ပြုချက်ရရှိထားပြီဖြစ်ကြောင်း၊ ယင်းကော်မရှင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ထိပ်တန်းစီးပွားရေး စီမံကိန်းရေးဆွဲရေးအေဂျင်စီဖြစ်ကြောင်း တရုတ်မီးရထားလမ်း ပဏာမတိုင်းတာရေးနှင့် ပုံစံထုတ်လုပ်ရေးဌာနက ဇန်နဝါရီ ၁၆ရက်တွင် သတင်းထုတ်ပြန်သည်။ *(အင်တာနက်)*

ရှင်ဗွေယန်မြို့ (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံသစ်

ဒုတိယဗိုလ်ချုပ်ကြီးသာအေး စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

နေပြည်တော် ဇန်နဝါရီ ၁၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဇန်နဝါရီ ၁၃ရက် နံနက်ပိုင်းတွင် နန်းယွန်းတပ်နယ် ရိပ်သာ၌ကျင်းပသည့် စစ်ကိုင်းတိုင်း၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်၍ လုပ်ငန်းလိုအပ်ချက်များကို သုံးသပ်ဆွေးနွေး မှာကြားသည်။

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးဝင်း၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မှာကြား

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တာဝန်ရှိသူများက လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးတင်ပြကြပြီး တိုင်းမှူးက ဖြည့်စွက် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး သာအေးက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ပက်ဖျန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ရှင်ဗွေယန်မြို့ (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ တာဝန်ရှိသူတို့က ဆေးရုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီး သာအေးက ဆေးရုံသစ် ကမ္ပည်းမှတ်တမ်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် အလှူရှင်များက ဆေးရုံသစ်အဆောက်အအုံနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများ၊ ချွဲစုပ်စက်၊ အောက်ဆီဂျင်ပေးစက်နှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများသည် ဆေးရုံသစ်အတွင်း လှည့်လည်ကြည့်ရှုကြပြီး ဆေးဝါးကုသမှုခံယူနေကြသည့် ဒေသခံတိုင်းရင်းသားများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ရှင်ဗွေယန်မြို့ အခြေခံပညာ အထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်၍ ကျောင်းဆောင်သစ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကျောင်းအကျိုးတော်ဆောင်တစ်ဦးက ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ကာ ကျောင်းအုပ်ဆရာမကြီးက ဖွင့်ပွဲအထိမ်းအမှတ်အလံများကို ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် တက်ရောက်လာကြသူများအား ပေးအပ်၍ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် အဖွဲ့ဝင်များသည် ကျောင်းဆောင်သစ် အတွင်း ကျောင်းသား ကျောင်းသူများ၏ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ရှင်ဗွေယန်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ဒေသခံပြည်သူများအတွက် လက်ဆောင်ပစ္စည်းများကိုပေးအပ်ကာ မြို့အတွင်း ဝန်ကြီးဌာနရုံးများ တည်ဆောက်ဖွင့်လှစ်ထားရှိမှုတို့ကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် နမ္မတီး-တနိုင်း-ပန်ဆောင်လမ်းရှိ တဆိတ်ချောင်း တံတားတည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး ခလုံကျေးရွာ၊ တခက်ကျေးရွာ၊ရှင်ဗွေယန်မြို့နယ် တရုံကျေးရွာ၊ လဂျားကျေးရွာနှင့် တနိုင်းမြို့နယ် လမုန်ကျေးရွာများသို့ သွားရောက်ကာ ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားပြီး လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မိုင်တိုင်အမှတ် (၁၂၁/၄)ရှိ လမုန်တံတား၏ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ရှင်ဗွေယန်မြို့ ၁၆ခုတင်ဆံ့ ပြည်သူ့ဆေးရုံသစ် ကမ္ပည်းမှတ်တမ်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မကွေးကို အနိုင်ယူ၊ ကမ္ဘောဇအသင်း တတိယရ

★ သတင်းနှင့် ဓာတ်ပုံမြင်ကွင်း - ဖိုးသော်ဇင် ★

ရန်ကုန် ဇန်နဝါရီ ၁၆

MNL အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် (၅၅)ကို ယနေ့ ညနေ ၄နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ ကမ္ဘောဇအသင်းက မကွေးအသင်းကို နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိပြီး တတိယနေရာ ရရှိသွားပါတယ်။

ကမ္ဘောဇ - နှစ်ဂိုး
မကွေး F.C - ဂိုးမရှိ

ကမ္ဘောဇအသင်းဟာ ရတနာပုံအသင်းကို အရေးနိမ့်ပြီး ချန်ပီယံလက်ကျန်မျှော်လင့်ချက်ကို အဆုံးသတ်ခဲ့ရပေမယ့် အခုပွဲမှာ မကွေးအသင်းကို အနိုင်ကစားပြီး တတိယနေရာရရှိခဲ့ပါတယ်။ ကမ္ဘောဇအသင်းဟာ အခုပွဲ အနိုင်ရဖို့အတွက် အပြောင်းအလဲလုပ်ထားပြီး အသင်းခေါင်းဆောင် စိုးမြတ်မင်းပြန်ပါလာကာ ရှေ့မှာစိုးမင်းဦးနဲ့ တွဲပေးထားပါတယ်။

အနိုင်ရလဒ်

ကမ္ဘောဇအသင်းရဲ့ ကစားပုံဟာ ရတနာပုံနဲ့ပွဲထက် ပိုကောင်းခဲ့သလို စိုးမင်းဦးနဲ့ စိုးမြတ်မင်းတို့အတွဲဟာလည်း မကွေးနောက်တန်းကို ခြိမ်းခြောက်နိုင်ခဲ့ပါတယ်။ ပွဲအစ ၁၂မိနစ်မှာပဲ ကမ္ဘောဇအသင်းဂိုးစရခဲ့ပြီး ထောင့်ကန်ဘောကနေ တိုက်စစ်မှူး စိုးမင်းဦးက ခေါင်းတိုက်သွင်းယူခဲ့တာဖြစ်ပါတယ်။ ဆက်တိုက်ဆိုသလို ကမ္ဘောဇအသင်းဖိကစားသွားပြီး မိနစ် ၂၀မှာ တိုက်စစ်မှူး စိုးမင်းဦးကပဲ တစ်ကိုယ်တော်အစွမ်းနဲ့ သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ဒုတိယပိုင်းမှာတော့ ကမ္ဘောဇအသင်းဟာ အနိုင်ရလဒ်ကိုထိန်းပြီး ကစားသွားခဲ့ပါတယ်။

အရေးနိမ့်

မကွေးအသင်းကတော့ ဒဏ်ရာရထားတဲ့ အောင်မြင့်အေး၊ ပွဲပယ်ခံထားရတဲ့ ပြည့်ဖြိုးဦးတို့ကလွဲရင် လွင်ဦး၊ ဇော်ထက်အောင်၊ခိုင်ဇော်ထွန်းတို့နဲ့ လူစုံနီးပါး ပါဝင်ခဲ့ပါတယ်။ ဒါပေမယ့် အသင်းကစားပုံဟာ အကောင်းဆုံးပုံစံမရခဲ့ဘဲ အထူးသဖြင့် ခံစစ်ကစားပုံအမှားများခဲ့လို့ ပထမပိုင်းမှာပဲ နှစ်ဂိုးပေးလိုက်ရပြီး အရေးနိမ့်ခဲ့ရတာပါ။

ပထမပိုင်းမှာတင် နောက်ခံလူ လင်းလင်းထွေးအစား ညီညီဝင်း၊ တိုက်စစ်မှူး ပါစတယ်အစား ဘတ်ဆစ်တို့ကို ထည့်ကစားခဲ့ပေမယ့် အသင်း ကစားပုံ တက်မလာခဲ့ပါဘူး။ ဒုတိယပိုင်းမှာ ဖိကစားနိုင်ခဲ့ပေမယ့် ကမ္ဘောဇနောက်တန်းကို မကျော်နိုင်ခဲ့သလို တိုက်စစ်မှူးတွေကလည်း ခြေစွမ်းမပြနိုင်ခဲ့လို့ ချေပဂိုးတောင် မရခဲ့တာ ဖြစ်ပါတယ်။

ပွဲကုန် ၁၄ပွဲစီ ကစားအပြီးမှာ ကမ္ဘောဇအသင်းက ၂၄ မှတ်နဲ့ တတိယနေရာရရှိခဲ့ပြီး မကွေးအသင်းကတော့ ၁၁ မှတ်နဲ့ အဆင့် ခုနစ်နေရာသာ ရရှိခဲ့ပါတယ်။ ။

ကမ္ဘောဇအသင်း၏ တိုက်စစ်ကို မကွေး နောက်ခံလူ ကျော်ကျော်မျိုးနှင့် ဂိုးသမား မျိုးကျော်အောင်တို့ ကာကွယ်စဉ်။ (မြန်မာ့အလင်း)

ယနေ့ပွဲ
ရန်ကုန်ယူနိုက်တက်နှင့် ရတနာပုံ

(မြန်မာ့အလင်း)

● *ရွှေဖုံးမှ*

“ဒီဘော်ဘင် ရေလှောင်တမံကြီးမှာ ပင်မတမံနှင့် ရေကူတမံဆိုပြီး ရှိပါတယ်။ ပင်မတမံကိုတော့ ဘော်ဘင်(၁)ဟု အမည် ပေးထားပြီး ရေကူတမံကိုတော့ ဘော်ဘင်(၂)ဟု အမည်ပေးထားပါတယ်။ ဘော်ဘင်(၂)မှာ ရေဝင်ကောင်းပြီး

“မတ်ပဲပြီးရင် ဘော်ဘင် ဆည်ရေနဲ့ နွေစပါးစိုက်ပါတယ်”
တောင်သူ ဦးအေး
ဇီးကုန်းမြို့နယ်၊
ဘော်ဘင်ကျေးရွာ။

ဘော်ဘင်(၁)ကတော့ ရေသိုလှောင်နိုင်မှု အားကောင်းပါတယ်။ ဒီဘော်ဘင် ရေလှောင်တမံကြီးဟာ စီမံကိန်းအကျိုးပြုဧက ၃၀၀၀၀ ရှိပါတယ်”ဟု ဆည်မြောင်းတည်ဆောက်ရေး (၂)မှ ဦးစီးအရာရှိ ဦးသန်းလှက မြန်မာ့အလင်းသို့ ရှင်းပြသည်။

တည်ရှိ

ဘော်ဘင်ရေလှောင်တမံကြီးကို ဘော်ဘင်ချောင်းပေါ်တွင် တည်ဆောက်ထားခြင်း ဖြစ်သည်။ တမံအမျိုးအစားမှာ မြေသားတမံဖြစ်သည်။ တမံအလျားမှာ ပင်မတမံ ပေ၉၁၀ရှိပြီး ရေကူတမံမှာ ပေ၁၅၉၀ရှိသည်။ ဇီးကုန်းမြို့ အရှေ့ဘက် ၁၄မိုင်အကွာတွင် တည်ရှိသည်။

“ဘော်ဘင်ရေလှောင်တမံကြီးကြောင့် နှစ်စဉ် နွေစပါးစိုက်ပျိုးနိုင်ပါပြီ”
တောင်သူဦးတင်ငွေ
ဇီးကုန်းမြို့နယ်
မေးကောက်ကျေးရွာ။

ဖြန့်ဝေပေးနေ

အဆိုပါ ဘော်ဘင်ရေလှောင်တမံကြီးမှ ဇီးကုန်းမြို့နယ်အတွက် နွေစပါးစိုက်ပျိုးရန် ဧက ၂၅၀၀အတွက် စိုက်ပျိုးရေဖြန့်ဝေပေးနိုင်မည် ဖြစ်သည်။ ၎င်းရေလှောင်တမံကြီးသည် ကြို့ပင်ကောက် မြို့နယ်ရှိ စိုက်ဧကအများဆုံး စိုက်ပျိုးရေ ဖြန့်ဝေပေးနေကြောင်း သိရသည်။

ဘော်ဘင်ရေလှောင်တမံ၏ ကျေးဇူးကြောင့် စိုက်ပျိုးရေးလုပ်ငန်း အောင်မြင်စွာ လုပ်ကိုင်နေကြသော တောင်သူအချို့နှင့် တွေ့ဆုံခဲ့ပါသည်။

ရှင်းပြ

“ ကျွန်တော်ကတော့ ဇီးကုန်းမြို့နယ် မေးကောက်ပင်ကျေးရွာက တောင်သူ ဦးတင်ငွေ ဖြစ်ပါတယ်။ ဘော်ဘင် ရေလှောင်တမံကြီး တည်ဆောက်ပေးနိုင်သည့်အတွက် မိုးရောနွေပါ စပါးစိုက်ရပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနှစ်နွေမှာ ဘော်ဘင်ဆည်ရေနဲ့ စပါးဧက၂၀ စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ မေးကောက်ပင်ကျေးရွာ တစ်အုပ်စုလုံးအနေနဲ့ ဧက ၁၇၀၀ စိုက်ပျိုးမယ်လို့ လျာထားပါတယ်”ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

စိုက်ပျိုးသွားမှာဖြစ်

ထို့အတူ ဘော်ဘင်ကျေးရွာမှ ဦးအေး ကလည်း “ကျွန်တော့်အနေနဲ့ ဘော်ဘင်ရေနဲ့ မိုးစပါးအပြီးမှာ ပဲစိုက်မှာဖြစ်ပါတယ်။ ဒီနောက်မှာတော့ နွေစပါးလေးဧက စိုက်ပျိုးသွားမှာဖြစ်ပါတယ်”ဟု ပြောပြသည်။

ဝင်ငွေစီးပွား

သို့ဖြစ်၍ နိုင်ငံတော်က ဘော်ဘင်ရေလှောင်တမံကြီး တည်ဆောက်ပေးနိုင်ခဲ့မှုကြောင့် ဒေသခံ တောင်သူများ ဝင်ငွေစီးပွား တိုးပွားလျက်ရှိပါကြောင်း ဆောင်းပါးရှင် တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

“ဘော်ဘင်ရေလှောင်တမံကြီးက နှစ်စဉ် ဧက ၃၀၀၀၀အတွက် စိုက်ပျိုးရေ ဖြန့်ဝေပေးနေပါတယ်”
ဦးသန်းလှ (ဦးစီးအရာရှိ)
ဆည်မြောင်းတည်ဆောက်ရေး(၂)။

■ *ကျော့ဖုံးမှ*

ထို့ပြင် သန့်ရှင်းသော လေမရရှိသဖြင့် အခြားထိခိုက်မှုများအဖြစ် ရင်သွေးငယ်၏ ကိုယ်လက်အင်္ဂါချို့ယွင်းမှုဖြစ်စေခြင်း၊ ကင်ဆာကဲ့သို့သော ရောဂါများငယ်ရွယ်စဉ်ကပင် ဖြစ်ပွားတတ်ခြင်းတို့ ဖြစ်နိုင်ကြောင်းသိရသည်။

တစ်ဖန် လေကောင်းလေသန့် မရခြင်းကြောင့် ဉာဏ်ရည်နိမ့်သော ရင်သွေးငယ်များ မွေးဖွားမှုမှာ ကလေးငယ် ၅၀၀လျှင် ၁၀ရာခိုင်နှုန်းရှိနေကြောင်း ၎င်းတို့ကသတိပေးဖော်ပြထားသည်။ ။

17-1 (06).pmd 1 1/17/2010, 2:58 AM

စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေး ကြပ်မတ်ဆောင်ရွက်

ဝန်ထမ်းများ အမျိုးသားအကျိုးစီးပွား ဘက်တော်သားအဖြစ် အစဉ်ရပ်တည်

MRTV နှင့် MRTV-4 ကြည့်ရှုနိုင်ရန် DTH စနစ် ရုပ်သံဖမ်းစက်များပေးအပ်

နေပြည်တော် ဇန်နဝါရီ ၁၆

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မကွေးတိုင်း ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် လာပို့ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်အတွက် ဇန်နဝါရီ ၉ရက် မွန်းလွဲ ၁နာရီတွင် လာပို့ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအားလုံး သတ်မှတ်စံ(၅)ချက်နှင့်ကိုက်ညီသည့် ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်သော ကိုယ့်အားကိုယ်ကိုး

စာကြည့်တိုက်များဖြစ်လာစေရန် ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးပြီး စာအုပ် စာစောင်များ (ဝဲပုံ)၊စာကြည့်တိုက်တွင် အများပြည်သူ ကြည့်ရှုနိုင်ရန် MRTV နှင့် MRTV-4 အစီအစဉ်များ ဖမ်းယူကြည့်ရှုနိုင်သည့် DTH စနစ် ရုပ်သံဖမ်းစက်များကို ပေးအပ်လှူဒါန်းသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးသည် ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့သွားရောက်၍ ပြည်သူများအား ပြန်ကြား၊ ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တည်ထောင်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရေး ကြပ်မတ်ဆောင်ရွက်သွားကြရန်နှင့် ဝန်ထမ်းများအားလုံး အမျိုးသားအကျိုးစီးပွားဘက်တော်သား အရည်အသွေးမြင့်မားသည့် မီဒီယာသမားကောင်းများအဖြစ် အစဉ်ရပ်တည်အကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးသည် ဂန့်ဂေါမြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပတ်ဝန်းကျင်ဒေသများသို့ လွှင့်အားအပြည့်အဝ ထုတ်လွှင့်နိုင်ရေးအတွက် စက်ပစ္စည်းဆိုင်ရာလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဂန့်ဂေါမြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အလင်းသစ်စာကြည့်တိုက် ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၆

နေပြည်တော် တပ်ကုန်းမြို့နယ် အင်ပင်ကျေးရွာ၌ ရွှေတောင်ကုမ္ပဏီက ဆောက်လုပ်လှူဒါန်းသည့် အလင်းသစ်စာကြည့်တိုက် အဆောက်အအုံဖွင့်ပွဲနှင့် သုတ၊ ရသစာအုပ်များလှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီတွင် ယင်းစာကြည့်တိုက် ဥပစာ၌ကျင်းပသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ သုတ၊ ရသစာအုပ်များ လှူဒါန်းပွဲ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် စာအုပ် ၃၈၀ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ရပ်မိရပ်ဖ ဦးခင်မောင်စိန်ထံသို့လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လှူဒါန်းသည့် စာအုပ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က ရပ်မိရပ်ဖ ဦးအောင်စိုးထံသို့ လည်းကောင်း ပေးအပ်လှူဒါန်းကြပြီး ကျေးရွာရပ်မိရပ်ဖ တစ်ဦးဖြစ်သည့် ဦးသိန်းရွှေက ကျေးဇူးတင်စကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်နှင့် အင်ပင်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြင့်ရွှေတို့က အလင်းသစ်စာကြည့်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသည့် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် ဒဂုံဆိပ်ကမ်း စက်မှုဇုန် နေ့ကလေးထိန်းကျောင်း ရင်သွေးငယ်များ၏ အားကစားပြိုင်ပွဲကို ဇန်နဝါရီ ၁ရက်က ကျင်းပရာ ဆုရကလေးများအား ကျောင်းအုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းလွင်က ဆုချီးမြှင့်စဉ်။ (ပညာရေး)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၁-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**ပါရမီ** တရားတော် (ဆရာတော်ဓမ္မဒူတအရှင်ဆေကိန္ဒ)
၆:၅၀	သံတွဲမြို့မှအံ့ဖွယ်ထူးခြား သုံးဆူဘုရား
၇:၀၀	MRTV-4 သတင်း
၇:၄၅	ရန်ကုန်မြင်ကွင်းကျယ် (Shanti Indian Cuisine)
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
၈:၃၀	Sports World(Sunday Special)
၈:၅၅	Activities in the City (ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း၏ ဆုနှင်းသဘင်အခမ်းအနားများ)
၉:၂၀	ပီတိနှလုံးအပြုံးမျက်နှာ…
၉:၃၅	Sunday Talk ကိုကို(စက်မှုတက္ကသိုလ်)၊ မျိုးမြတ်သူ
၁၀:၄၀	ဖြည့်ဆည်းကွက်လပ်အနာဂတ်
၁၀:၅၅	အနုပညာရပ်ဝန်းမှရင်ခုန်သံများ **အတ္တပုံရိပ်**
၁၁:၃၀	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၃)
၁၁:၅၅	ဗီဒီယိုပြခန်း
၁၂:၂၀	ပီတိနှလုံးအပြုံးမျက်နှာ
၁၂:၄၀	Activities in the City (Yangon Expo' 2010 ပဲပိစပ်ဆီသန့်)
၁:၀၀	**ပါရမီ** တရားတော် (ဆရာတော်ဓမ္မဒူတအရှင်ဆေကိန္ဒ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	စကားနပန်း (မုသားပြောတာကောင်းတယ်၊ မုသားမပြောတာကောင်းတယ်)
၃:၅၅	စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ဒိန်ချဉ်ပြုလုပ်နည်း)
၄:၀၅	ယုဇနဘက်စုံစိုက်ပျိုးရေးစီမံကိန်း စက်မှုကုန်ကြမ်းသီးနှံစိုက်ပျိုးရေး (ပီလောပီနံ)
၄:၁၅	Activities in the City (ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း၏ ဆုနှင်းသဘင် အခမ်းအနားများ)
၄:၄၅	**တစ်ပြည်ဝင်အိုး** အကယ်ဒမီဇော်ဦး၊ ခိုင်ခန့်၊ အာကာစိုး၊ အကယ်ဒမီနွဲ့နွဲ့မူ၊ မျိုးစန္ဒီကျော် (ဒါရိုက်တာ-ဝင်းမောင်ရွှေ-Art)
၅:၁၀	Activities in the City (Yangon Expo' 2010 ပဲပိစပ်ဆီသန့်)
၅:၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀	MRTV-4 သတင်း
၆:၂၀	Milestoncs of Contemporary Music Selection
၆:၅၅	ဈေးဝယ်လမ်းညွှန် (ရွှေနန်းတော်ဝင်ပိုးထည်ဆိုင်)
၇:၂၀	FMF Selection
၈:၀၀	MRTV-4 သတင်း
၈:၃၀	စကားနပန်း (မုသားပြောတာကောင်းတယ်၊ မုသားမပြောတာကောင်းတယ်)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
၁၀:၀၀	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၃)
၁၀:၂၅	Barclays Premier League (Bolton Vs Arsenal)
၁၂:၂၅	ဖြည့်ဆည်းကွက်လပ်အနာဂတ်
၁၂:၃၅	ဒစ်ဂျစ်တယ်ကတ္တားအစ စီထွာက
၁၂:၅၅	မှတ်မှတ်ရရရှိစေဖို့ ကယားဒေသဟင်းထုပ်
၁:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်များ	ပြသမည့်လိုင်း
၇:၅၅	**Aston Villa-West Ham**	**ESPN(Live)**
၉:၂၅	**Blackburn -Fulham**	**STAR SPORTS(Live)**
၁၀:၂၅	**Bolton-Arsenal**	**ESPN(Live)**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၃) ထွက်ပြီ

ရန်ကုန် ဇန်နဝါရီ ၁၆

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၃)၌ ၂၂ရာစုတွင် အကြာဆုံးနေကြတ်မှု မြန်မာနိုင်ငံသားများ ကိုယ်တွေ့ကြုံသတင်းနှင့်သတင်းဓာတ်ပုံ၊ ဂျော်ဒန်အထည်ချုပ်စက်ရုံရှိ မြန်မာအလုပ်သမများအရေး အစ္စရေးနိုင်ငံ မြန်မာသံရုံးမှ သံအမတ်ကြီးဦးဆောင်သည့်အဖွဲ့က ကူညီဖြေရှင်းဆောင်ရွက်၊ ရာသီဥတု ပြောင်းလဲမှုကြောင့် ယခင်မရှိခဲ့သည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်ရန် အပြောင်းအလဲများဖြစ်ပေါ်နေ၊ ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် မြို့များတွင် မိုဘိုင်းလ်ဖုန်း အလုံးရေ ငါးသိန်းကျော်ချပေးမည်၊ ကြက်ငှက်တုပ်ကွေးကာကွယ်ရန် နယ်စပ်ထွက်ပေါက်များ၏ ကုန်စည်စီးဆင်းမှုကို စောင့်ကြည့်ထိန်းချုပ်၊ မလေးရှားအလုပ်ရှင်များ ပြည်ပလုပ်သားများကို အလုပ်တစ်ခုထက်ပိုမိုခိုင်းစေက အရေးယူခံရမည်ဟု မလေးရှားအလုပ်သမားဝန်ကြီးက သတင်းထုတ်ပြန်၊ မိမိကိုယ်ကိုသေကြောင်းကြံစည်မှု မဖြစ်ပေါ်စေရန်အတွက် မိသားစုအချင်းချင်း နားလည်မှုရရှိရန် ဆွေးနွေးတိုင်ပင်သင့် စသည့် ပြည်တွင်းရေးရာ သတင်းများနှင့်အတူ မြစ်ရောကိုကယ်တင်ပါ Myanmar Discovery၊ သတင်းစာဆရာ ဦးသာဘန်း၏ မဲပေးတဲ့အခါ ပြည်သူကို ကိုယ်စားပြုတဲ့ ပုဂ္ဂိုလ်တွေကိုပဲ ရွေးချယ်မဲပေးကြပါ၊ ကျွန်ုပ်တို့၏ရန်ကုန်ကဏ္ဍ၊ တစ်စိတ်တည်းထား၊ တစ်ဖက်သား ကိုယ့်ဘက်ပါအောင်ဆွဲဆောင်နည်း၊ အမျိုးသားများလည်း သတိပြုစရာရင်သားကင်ဆာ၊ ကျေးဇူးရှင် အောက်ဆီဂျင်၊ ကြိမ်လုံးအကြောင်း အက်ဆေးကဲ့သို့သော ဖတ်စရာမှတ်စရာ ဆောင်းပါးများ စေ့စေ့ဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီ ဖြစ်သည်။

ကမ္ဘာကြီးအား တရုတ်ကိုဗဟိုပြုနေတဲ့ ကမ္ဘာကြီးအဖြစ် ရှုမြင်ရလိမ့်မယ်၊ ဗြိတိသျှသမိုင်းပညာရှင် မာတင်ဂျက်စ်နှင့် THE STRAITS TIMES သတင်းစာတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ ဟောတီငလျင်ကြောင့် လူတစ်သိန်းကျော်သေဆုံးကာ နိုင်ငံ၏ ၈၀ရာခိုင်နှုန်းပျက်စီး၊ အားလုံးကျန်းမာစီမံကိန်း အိန္ဒိယတွင်စတင်၊ နိုင်ငံတစ်လွှားတွင် အထူးသုတေသနနှင့် သင်ကြားရေးဆေးရုံများ ထူထောင်မည်၊ ချစ်သူကိုသတ်သော ဘင်္ဂလားဒေ့ရှ်အမျိုးသား ကြိုးဒဏ်ကျ၊ စီအိုင်အေအား အသေခံဗုံးခွဲတိုက်ခိုက်ခြင်းသည် လက်စားချေခြင်းဖြစ်ကြောင်း အယ်လ်ခိုင်ဒါပြော၊ ရှစ်နှစ်ကြာပြန်ပေးဆွဲခံခဲ့ရသော မိန်းကလေး ပုံမှန်ဘဝတွင် နေထိုင်နိုင်ရန် အခက်အခဲများနှင့်ကြုံ၊ မိန်းကလေးများ ပိန်သွယ်အောင် ပြုလုပ်ခြင်းက အရိုးပွရောဂါကို ဖြစ်ပေါ်စေ၊ တရုတ်နိုင်ငံတွင် အအေးလွန်ကဲမှုကြောင့် စွမ်းအင်ကို ခွဲတမ်းအလိုက် ဖြန့်ဝေပေး၊ အလုပ်အကိုင်များ ပိုမိုဖန်တီးပေးရန် အာနိုးအဓိဌာန်ပြုစသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်း သတင်းများ၊ စီးပွားရေး သုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ တစ်ပြည်လုံး ဖြန့်ချိထားသည်။ **(သတင်းစဉ်)**

တစ်ပြည်လုံးတွင် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၁၆

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကယားပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ပဲခူးတိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ် ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

ဇန်နဝါရီ ၁၇ရက် ညနေအထိ ခန့်မှန်းချက်မှာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ခရိုင်ချင်းဆက်လမ်းများ ဖောက်လုပ်ရေး ညှိနှိုင်းစည်းဝေး
ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက် အမှာစကား ပြောကြား

နေပြည်တော် ဇန်နဝါရီ ၁၆

ခရိုင်ချင်းဆက်လမ်းများဖောက်လုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉နာရီခွဲတွင် နေပြည်တော်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

သတ်မှတ်တာဝန်ပေး

ယင်းနောက် ခရိုင်ချင်းဆက်လမ်းများကို တာဝန်ယူဖောက်လုပ်လျက်ရှိသည့် မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း (အနောက်ပိုင်း)၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့တို့မှ ညွှန်ကြားရေးမှူးများက ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ခရိုင်ချင်းဆက်လမ်း လုပ်ငန်းလျာထားမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို သတ်မှတ်တာဝန်ပေးအပ်သည်။

ခရိုင်ချင်းဆက်လမ်း အမှတ် (၁) သည် မန္တလေးတိုင်းမှ ရန်ကုန်တိုင်းအထိ ၄၀၀ မိုင် ၁ဖာလုံရှိပြီး ကတ္တရာလမ်း ၁၉၄မိုင်နှင့် ကျောက်ချောလမ်းအားလုံး ဖောက်လုပ်ပြီးစီးပြီဖြစ်သည်။

အမှာစကား ပြောကြား

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ခရိုင်ချင်းဆက်လမ်းများ ဖောက်လုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဖောက်လုပ်ပြီးစီး

ခရိုင်ချင်းဆက်လမ်း အမှတ် (၂) သည် မန္တလေးတိုင်းမှ မွန်ပြည်နယ်အထိ ၅၀၇မိုင် ၄ဖာလုံရှိပြီး ကတ္တရာလမ်း ၁၄၆မိုင် ၄ဖာလုံနှင့် ကျောက်ချောလမ်း ၁၁၀မိုင် ၆ဖာလုံ ဖောက်လုပ်ပြီးစီးမည်ဖြစ်သည်။

ဆောင်ရွက်သွားမည်

ခရိုင်ချင်းဆက်လမ်း အမှတ် (၃) သည် ကချင်ပြည်နယ်မှ စစ်ကိုင်းတိုင်းအထိ စုစုပေါင်း ၃၃၉မိုင် ၇ဖာလုံရှိသည့်အနက် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ချောလမ်း ၆၅မိုင် ၂ဖာလုံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၄၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲဖွင့်ပွဲ
မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုအားပေး

ရန်ကုန် ဇန်နဝါရီ ၁၆

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၁၀ ခုနှစ် (၄၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ မြန်မာနိုင်ငံအိုလံပစ် ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်း၊ အထွေထွေအတွင်းရေးမှူး ဦးလေးနိုင်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ပြန်လည်အပ်နှံ

ရှေးဦးစွာ ယမန်နှစ်က ပြိုင်ပွဲတွင် ချန်ပီယံများဖြစ်ကြသော ရှမ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသမီးအသင်းနှင့် ရန်ကုန်တိုင်း အမျိုးသားအသင်းတို့က မိမိတို့ရရှိခဲ့သော တံခွန်စိုက်ဒိုင်းဆုကြီးများကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ပြန်လည်အပ်နှံကြသည်။

ဖွင့်လှစ်ပေး

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အဖွင့်အမှာစကား ပြောကြားကာ ပြိုင်ပွဲကိုဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြသည်။

ဆက်လက်ကျင်းပမည်

ထို့နောက် ပြိုင်ပွဲကို စတင်ကျင်းပရာ (၁၀)ပွဲ ကျင်းပပြီးစီးသွားသည်။ ဇန်နဝါရီ ၁၇ရက် နံနက် ၉နာရီတွင် အဆိုပါ ပြိုင်ပွဲကို ယင်းအားကစားကွင်း၌ပင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရေး ဘော်လီဘောပြိုင်ပွဲ
ဘင်္ဂလားဒေ့ရှ် အမျိုးသားဘော်လီဘောအသင်း လက်စွမ်းပြ အနိုင်ရ

ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရေး အမျိုးသားဘော်လီဘောပြိုင်ပွဲ၏ တတိယနေ့ပြိုင်ပွဲ ပွဲစဉ်ကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ရှိ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ဆက်လက်ကျင်းပရာ (အပေါ်ပုံ) **အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ မြန်မာ့လက်ရွေးစင် အမျိုးသားဘော်လီဘော အသင်းအုပ်ချုပ်သူ ဦးသိန်းဝင်းနှင့် အမှုဆောင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဘော်လီဘော အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။**

အနိုင်ရရှိ

တတိယနေ့ပြိုင်ပွဲ ပွဲစဉ်တွင် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ လက်ရွေးစင် အမျိုးသားဘော်လီဘောအသင်းနှင့် မြန်မာ့လက်ရွေးစင် အမျိုးသားဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ လက်ရွေးစင် အမျိုးသားဘော်လီဘောအသင်းက (၂၅-၂၀)မှတ်၊ (၂၃-၂၅)မှတ်၊ (၂၂-၂၅)မှတ်၊ (၂၅-၂၂)မှတ်၊ (၁၅-၉)မှတ်ဖြင့် လက်စွမ်းပြပြီး အနိုင်ရရှိသွားသည်။

ယှဉ်ပြိုင်ကစား

တတိယနေ့ပြိုင်ပွဲ ပွဲစဉ်၌ မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်းတွင် ၂၀၁၁ ခုနှစ် (၂၆) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်က ပြုစုပျိုးထောင် လေ့ကျင့်ပေးလျက်ရှိသော မျိုးဆက်သစ် လူငယ်ဘော်လီဘော အားကစားသမားများအား ထည့်သွင်း ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

အခမဲ့ကြည့်ရှုအားပေးနိုင်

ဇန်နဝါရီ ၁၈ရက် ညနေ ၃နာရီတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရေး အမျိုးသားဘော်လီဘော ပြိုင်ပွဲ၏ စတုတ္ထပွဲစဉ်ကို ယင်းအားကစားပြိုင်ပွဲရုံ၌ပင် ဆက်လက်ကျင်းပမည်ဖြစ်ရာ ဘော်လီဘော အားကစား ဝါသနာရှင်များ အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

နေပြည်တော် ဇန်နဝါရီ ၁၆

ဇန်နဝါရီ ၁၆ရက် မွန်းလွဲ ၁နာရီ ၂မိနစ် ၃၃စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၂၇၀ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပ(ကပ္ပလီကျွန်းစု) တစ်နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ဒသမ ၉အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

မိတ်ဆက်စကား

Marlar Trading Co.,Ltd.

ဒါရိုက်တာ ဒေါ်မြတ်ကေသီ PURE (ပြူးဝါး) ဆပ်ပြာမှုန့်သစ်နှင့် စပ်လျဉ်း၍ မိတ်ဆက်စကား ပြောကြားစဉ်။

(သတင်းစဉ်)

အမ်ဘီအေ ဘွဲ့ရများ
မိတ်ဆုံညစာစားပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ အမ်ဘီအေဘွဲ့ရများ၏ အမ်ဘီအေသင်တန်းစတင်ခဲ့သည့် ၁၉၉၅ခုနှစ်မှ ၂၀၀၉ခုနှစ်အတွင်း အမ်ဘီအေဘွဲ့ရရှိခဲ့သူများ၏ ဆရာ ဆရာမများအား ဂါရဝပြုတွေ့ဆုံပွဲနှင့် ပြန်လည်တွေ့ဆုံပွဲ အထိမ်းအမှတ် ညစာစားပွဲကို ဇန်နဝါရီ ၂၃ရက်(စနေနေ့)တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ ချက်ထရီယမ် ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အမ်ဘီအေဘွဲ့ရ ကျောင်းသား ကျောင်းသူဟောင်းများသည် အခမ်းအနားသို့ တက်ရောက်လိုပါက ကိုသက်လွင်ရွှေ ဖုန်း-၀၉-၉၉-၂၈၃၁၀၊ မယဉ်မူအောင် ဖုန်း-၀၉-၅၀-၀၀၃၁၈၊ မအေးမြကြည် ဖုန်း-၀၉-၅၁-၅၃၉၁၁၃၊ ကိုတင်မောင်ဦး ဖုန်း-၀၉-၅၀-၁၇၅၃၁နှင့် ၀၉-၅၀-၄၁၁၆၁၊ ကိုမင်းခင် ဖုန်း-၀၉-၈၀-၂၁၆၉၅၊ ကိုမိုးသဲ ဖုန်း-၀၉-၅၁-၈၉၈၈၀၊ ကိုမင်းဦး ဖုန်း-၀၉-၅၀-၀၇၁၆၆၊ ကိုအောင်နိုင်ဝင်း ဖုန်း-၀၉-၈၀-၂၀၀၇၉၊ ကိုမောင်မောင်လတ် ဖုန်း- ၀၉-၅၀-၀၇၂၄၉၊ ဦးအေးချစ် ဖုန်း-၀၉-၈၀-၂၂၀၀၀၊ မခင်သက်ခိုင် ဖုန်း-၀၉-၅၀-၀၄၉၁၃၊ မဝတ်မှုန် ဖုန်း- ၀၉-၅၀-၀၁၀၇၆၊ ကိုနေလင်းဇင် ဖုန်း- ၀၉-၅၀-၄၈၈၃၉ နှင့် ဒေါ်စမ်းသီတာ ဖုန်း-၅၃၈၅၃၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

၂၀၁၀-၂၀၁၁ခုနှစ် ကြံသီးနှံအထွက်တိုး စံပြကွက်စိုက်စနစ် သရုပ်ပြပွဲကို ဒီဇင်ဘာ ၂၀ရက်က အုတ်တွင်းမြို့နယ် ငှက်ပျောတောကျေးရွာအုပ်စု တောင်သူဦးကျော်ဦး၏ ကြံစိုက်ခင်းတစ်ဧကတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်၊ အတွင်းရေးမှူး ဦးသိန်းအောင်တို့ တက်ရောက်ကြည့်ရှုပြီး ကြံလုပ်ငန်းမန်နေဂျာ ဦးညွန့်လှိုင်က စိုက်နည်းစနစ်များ ရှင်းလင်းပြသစဉ်။ (၁၁၆)

ဆပ်ပြာမှုန့် ကုန်ပစ္စည်းအသ…
အရောင်းကိုယ်စားလှယ်များအား …

ရန်ကုန် ဇန်နဝါရီ ၁…

၂၀၀၈ ခုနှစ်မှ စတင်တည်ထောင်ခဲ့သည့် Mar…
နည်းပညာသစ်ဖြင့် ထပ်မံထုတ်လုပ်လိုက်သော Pure…
အသစ်မိတ်ဆက်ပွဲနှင့် အရောင်းကိုယ်စားလှယ်ကြီးမျ…
အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီခွဲက ရန်ကုန်မြို့ …
ဟိုတယ် ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒါရိုက်တာ ဒေါ်မြတ်ကေသီက …
ဆပ်ပြာမှုန့်၊ ဆပ်ပြာတုံး၊ ဆပ်ပြာကရင်မ်၊ ကိုယ်တိုက်…
ပစ္စည်းများ စတင်ထုတ်လုပ်စဉ်ကပင် အလွန်အော…
ထုတ်လုပ်လိုက်သည့် ဆပ်ပြာမှုန့်သစ်ကို မိတ်ဆက်ခြင်…

အာနိသင်

Pure ဆပ်ပြာမှုန့်ကုန်ပစ္စည်းသစ်သည် မည်…
လျှော်ဖွပ်နိုင်ခြင်း၊ လျှော်ဖွပ်ရာတွင် သန့်စင်ဖြူဖွေးမှုအ…
မရှိခြင်း၊ ဆပ်ပြာမှုန့် အနည်းငယ်သုံးစွဲရုံဖြင့် အဝတ်များ…
ပြီး အဝတ်အထည်များ ပျော့ပျောင်းစေခြင်းနှင့် ယင်းကဲ့…
Softener ထည့်ထားကြောင်း သိရသည်။

ဆက်သွယ်နိုင်

သုံးစွဲသူများအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့်…
ငွေကျပ် ငါးသိန်းတစ်ဆု၊ ဒုတိယ ငွေကျပ် သုံးသိန်းတ…
တစ်ဆု၊ နှစ်သိမ့်ဆု ငွေကျပ် ငါးသောင်း ၁၀ဆုအပြင် ခဲ…
၁၂၀ပေးအပ်ခဲ့ကြောင်း၊ အရောင်းကိုယ်စားလှယ်ကြီးမျ…
အဖြစ် ခြောက်လတစ်ကြိမ် ဂုဏ်ပြုဆုချီးမြှင့်မည်ဖြစ်…
သည် ဒေါ်သဉ္ဇာမိုးမိုး အမှတ် (၁၂/ဘီ) (၄၃) ရွှေ…
ကမာရွတ် မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၃၅၃၄၄၊ …
ထုတ်ယူနိုင်ပြီး Pure ဆပ်ပြာမှုန့် လက်လီ၊ လက်ကား …
နန္ဒာဝင့် အမှတ် (၄၉၀) ကမ်းနားလမ်းနှင့် ရွှေတောင်…
မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၂၇၈၅၈ (Pure ဆပ်ပြ…
နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ဆက်သွယ်နိုင်…

ထို့အပြင် Pure ဆပ်ပြာမှုန့် ကိုယ်စားလှယ်…
တွင် ဒေါ်စုစုသင်း (ရွှေသိင်္ဂီပွဲရုံ ဘုရင့်နောင် ဖုန်း-၆၈…
ဈေး) ဖုန်း-၀၉-၅၅-၀၅၇၈၉၊ ၂၄၀၆၀၀(လိုင်းခွဲ) ၄…
ဆံပင်ပေါက်ဆေး) ဖုန်း-၅၁၈၃၁၁၊ မန္တလေးတိုင်းတွ…
ဖုန်း-၀၉-၆၈-၀၁၂၅၃၊ ဦးစိုးသိန်း(Ever Smile Co.,…
၂၀-၁၅၈၁၉၊ ဧရာဝတီတိုင်းတွင် ဦးနေလင်းဦး ဖုန်း-…
၉၀၃၈၀၊ ပဲခူးတိုင်းတွင် ဦးလှကြည် ဖုန်း-၀၉-၅၀-၇၆…
ဦးမင်းအောင်မိုး ဖုန်း-၀၉-၈၇-၆၃၁၈၀၊ ၀၅၉-၄၂…
မောင်သန်း ဖုန်း-၀၉-၅၁-၁၉၇၈၆၊ ၀၈၁-၂၂၉၉၈…
ဖုန်း-၀၉-၉၄၂၂၉၉တို့သို့ ဆက်သွယ်နိုင်ကြောင်း သိ…

ိုင်း တင်းနစ်ပြိုင်ပွဲဖွင့်ပွဲ
န်းလင်း ကြည့်ရှုအားပေး

၁၆

နစ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၁၀
မ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့
ုနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက ရန်ကုန်မြို့တော်
င်သိန်းလင်း၊ မြန်မာနိုင်ငံအိုလံပစ် ကော်မတီ
န်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်
န်း၊ အထွေထွေအတွင်းရေးမှူး ဦးလေးနိုင်နှင့်
ရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

မ်းပြည်နယ် (မြောက်ပိုင်း) အမျိုးသမီးအသင်းနှင့်
င်းဆုကြီးများကို အားကစားနှင့် ကာယပညာဦးစီး

်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်
စီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က
ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်

ည်

ွားသည်။ ဇန်နဝါရီ ၁၇ရက် နံနက် ၉နာရီတွင်
ည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထက(၁) နေပြည်တော်လယ်ဝေး ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲ

နေပြည်တော် ဇန်နဝါရီ ၁၆

အထက(၁) နေပြည်တော် လယ်ဝေးမြို့၌ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၂၈ရက် (ကြာသပတေးနေ့) တွင် အဆိုပါကျောင်း ရွှေရတုခန်းမ၌ ကျင်းပမည် ဖြစ်သည်။

ဖိတ်ကြားနိုးဆော်

အသက် ၆၀အထက် ကန်တော့ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများ အားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ *(မြန်မာ့အလင်း)*

ဆပ်ပြာမှုန့် ကုန်ပစ္စည်းအသစ် မိတ်ဆက် အရောင်းကိုယ်စားလှယ်များအား ဂုဏ်ပြုဆုပေးအပ်

ရန်ကုန် ဇန်နဝါရီ ၁၆

၂၀၀၈ ခုနှစ်မှ စတင်တည်ထောင်ခဲ့သည့် Mar Lar Trading Co., Ltd. ၏ နည်းပညာသစ်ဖြင့် ထပ်မံထုတ်လုပ်လိုက်သော Pure (ပြူးဝါး)ဆပ်ပြာမှုန့် ကုန်ပစ္စည်းအသစ်မိတ်ဆက်ပွဲနှင့် အရောင်းကိုယ်စားလှယ်ကြီးများအား ဂုဏ်ပြုဆုများပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြရိပ်ညို ဟိုတယ် ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒါရိုက်တာ ဒေါ်မြတ်ကေသီက ကုမ္ပဏီမှ စတင်ထုတ်လုပ်ခဲ့သည့် ဆပ်ပြာမှုန့်၊ ဆပ်ပြာတုံး၊ ဆပ်ပြာကရင်မ်၊ ကိုယ်တိုက်ဆပ်ပြာမွှေးနှင့် ဆပ်ပြာ ဆက်စပ်ပစ္စည်းများ စတင်ထုတ်လုပ်စဉ်ကပင် အလွန်အောင်မြင်ခဲ့ကြောင်း၊ ယခု ထပ်မံထုတ်လုပ်လိုက်သည့် ဆပ်ပြာမှုန့်သစ်ကို မိတ်ဆက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အာနိသင်

Pure ဆပ်ပြာမှုန့်ကုန်ပစ္စည်းသစ်သည် မည်သည့် အဝတ်အထည်မျိုးကိုမဆို လျှော်ဖွပ်နိုင်ခြင်း၊ လျှော်ဖွပ်ရာတွင် သန့်စင်ဖြူဖွေးမှုအားကောင်းခြင်း၊ လက်ပူလောင်မှု မရှိခြင်း၊ ဆပ်ပြာမှုန့် အနည်းငယ်သုံးစွဲရုံဖြင့် အဝတ်များကို စင်ကြယ်စေခြင်း၊ လျှော်ဖွပ်ပြီး အဝတ်အထည်များ ပျော့ပျောင်းစေခြင်းနှင့် ယင်းကဲ့သို့ အာနိသင်များ ရှိစေရန်အတွက် Softener ထည့်ထားကြောင်း သိရသည်။

ဆက်သွယ်နိုင်

သုံးစွဲသူများအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ကံစမ်းဆုမဲများအဖြစ် ပထမ ငွေကျပ် ငါးသိန်းတစ်ဆု၊ ဒုတိယ ငွေကျပ် သုံးသိန်းတစ်ဆု၊ တတိယ ငွေကျပ် နှစ်သိန်းတစ်ဆု၊ နှစ်သိမ့်ဆု ငွေကျပ် ငါးသောင်း ၁၀ဆုအပြင် ခဲခြစ်ကံစမ်းမဲအဖြစ် ငွေကျပ် သိန်း ၁၂၀ပေးအပ်ခဲ့ကြောင်း၊ အရောင်းကိုယ်စားလှယ်ကြီးများအားလည်း အိတ်ပိုက် Bonus အဖြစ် ခြောက်လတစ်ကြိမ် ဂုဏ်ပြုဆုချီးမြှင့်မည်ဖြစ်ကြောင်း၊ ကံစမ်းမဲပေါက်သူများသည် ဒေါ်သဥ္ဇာမို့မို့ အမှတ် (၁၂/ဘီ) (၄၃) ရွှေကိန္နရီအိမ်ရာ နာနတ်တောလမ်း ကမာရွတ် မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၃၅၃၄၄၊ ၀၁-၅၂၅၁၈၅တို့သို့ ဆက်သွယ်ထုတ်ယူနိုင်ပြီး Pure ဆပ်ပြာမှုန့် လက်လီ၊ လက်ကား ဝယ်ယူလိုသူများသည် ဒေါ်သင်းနန္ဒာဝင့် အမှတ် (၄၉၀) ကမ်းနားလမ်းနှင့် ရွှေတောင်တန်းလမ်းထောင့် လမ်းမတော် မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၂၇၈၅၈ (Pure ဆပ်ပြာမှုန့် ပင်ရင်းအရောင်းပြခန်း)သို့ နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ထို့အပြင် Pure ဆပ်ပြာမှုန့် ကိုယ်စားလှယ်ကြီးများဖြစ်သည့် ရန်ကုန်တိုင်းတွင် ဒေါ်စုစုသင်း (ရွှေသိင်္ဂီပွဲရုံ ဘုရင့်နောင် ဖုန်း-၆၈၁၁၃၆)၊ Ever Boom (သိမ်ကြီးဈေး) ဖုန်း-၀၉-၅၅-၀၅၇၈၉၊ ၂၄၀၆၀၀(လိုင်းခွဲ) ၄၆၀၊ ဦးကျော်ကျော်နိုင် (၁၀၁-ဆံပင်ပေါက်ဆေး) ဖုန်း-၅၁၈၃၁၁၊ မန္တလေးတိုင်းတွင် ငွေကြယ်ဖြူခေါက်ဆွဲလုပ်ငန်း ဖုန်း-၀၉-၆၈-၀၁၂၅၃၊ ဦးစိုးသိန်း(Ever Smile Co., Ltd.)ဖုန်း-၀၂-၇၈၉၀၀၊ ၀၉-၂၀-၁၅၈၁၉၊ ဧရာဝတီတိုင်းတွင် ဦးနေလင်းဦး ဖုန်း-၀၉-၆၈-၀၁၈၃၈၊ ၀၉-၅၁-၉၀၃၈၀၊ ပဲခူးတိုင်းတွင် ဦးလှကြည် ဖုန်း-၀၉-၅၀-၇၆၆၄၉၊ ၀၅၂-၂၂၈၇၇၊ မြိတ်မြို့တွင် ဦးမင်းအောင်မိုး ဖုန်း-၀၉-၈၇-၆၃၁၈၀၊ ၀၅၉-၄၂၂၃၂၊ တောင်ကြီးတွင် ဦးမောင်မောင်သန်း ဖုန်း-၀၉-၅၁-၁၉၇၈၆၊ ၀၈၁-၂၂၉၉၈နှင့် ဖားကန့်တွင် ဦးဇော်ဇော်ဦး ဖုန်း-၀၉-၉၄၂၂၉၉တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဖုန်း-
ဖုန်း-
ဖုန်း-
ဝင်နိုင်
၀၀၇၉၊
၀၉-
ဖုန်း-
က်ခိုင်
တ်မှုန်
ကိုနေ
၈၈၃၉
၈၅၃၁
း သိရ
င်းစဉ်)

မြို့နယ်
ဥက္ကဋ္ဌ
သိုင်က
၃၁၆)

** ကျောဖုံးမှ*

"ဖားကန့်မြို့မှ ကြိုဆိုပါ၏" ဟူသော ဖားကန့်မြို့အဝင်ဆိုင်းဘုတ်ကို လှမ်းတွေ့ရသည်။ ရောက်လိုလှသော ဖားကန့်သို့ ညနေ ၅နာရီခန့် ရောက်ရှိခဲ့သည်။ မြစ်ကြီးနားမှ ထွက်လာသည်မှ ဖားကန့်မြို့အထိ လမ်းဘေး ဝဲယာတွင် မိုးစပါး စိုက်ခင်းများကို စိမ်းစိုလန်းဆန်းစွာ တွေ့နေရသည်။

ဖားကန့်မြို့အဝင် လယ်ပြင်ရွာမှ လုံးခင်းရပ်ကွက်သို့ ဖြတ်သည့်အခါ မိုးက သဲသဲမဲမဲရွာသည်။ ဖားကန့်မြို့ကား ကျောက်စိမ်းနယ်မြေဟု လူသိထင်ရှားသည့်မြို့ ဖြစ်သည်။ နေအိမ်တိုက်တာများကို တောင်ကုန်းများပေါ်တွင် ဆောက်လုပ်ထားပြီး ကတ္တရာလမ်းများကို မြေပြန့်၌ ရနိုင်သမျှ ဖောက်လုပ်ထားသည်။

သတင်းခရီးသည်အား မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးထွန်းထွန်းဦးက ကားဂိတ်မှတစ်ဆင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်ထံ ပို့ပေးသဖြင့် အမှုဆောင်အရာရှိနှင့် တွေ့ဆုံခွင့်ရခဲ့သည်။

အမှုဆောင်အရာရှိက "မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဖားကန့်မြို့ကို သန့်ရှင်းသာယာဖို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ မိုးတွင်းမှာ ချောင်းရေကြောင့် လမ်းတွေ ပျက်စီးတတ်တဲ့အတွက် အဖွဲ့အနေနဲ့ လမ်းတံတားတွေကို နှစ်စဉ် တည်ဆောက်ခင်းကျင်းပြုပြင်ပြီး စိမ်းလန်းစိုပြည်ရေးလုပ်ငန်းတွေကို ကြိုးပမ်းဆောင်ရွက်နေပါတယ်" ဟု ဦးစွာရှင်းပြသည်။

မြို့နယ်အဆင့်

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဖားကန့်ကျေးရွာအုပ်စုကို ၁၉၉၅ ခုနှစ် ဇူလိုင် ၁ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၉၆ခုနှစ် မေ၂၈ရက်က (က) မြို့နယ်အဆင့်သို့ တိုးမြှင့်ပြင်ဆင် သတ်မှတ်ပေးခဲ့သည်။

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် "မြို့ရွာများ အမြန်ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရမည်" ဟူသော ဆောင်ပုဒ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သဖြင့် တိုတောင်းသည့်နှစ်များအတွင်း ကတ္တရာလမ်းများ၊ လမ်းဘေး ကပ်တုံးများ၊ ပန်းခြံများနှင့် သပ်ရပ်လှပစွာ ဖွံ့ဖြိုးလာသည်ကို တွေ့ရသည်။

အခွန်လွတ်ဈေး

ပို၍နှစ်ခြိုက်မိသည်မှာ မော်ဝမ်းရပ်ကွက်တွင် ဖွင့်လှစ်ထားသော "အခွန်လွတ်ဈေး" ပင် ဖြစ်ပါသည်။ အဆိုပါဈေးမှာ တစ်နေကုန်ဖြစ်ပြီး သားငါး၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးမျိုးစုံ ရောင်းချသဖြင့် ရောင်းသူ၊ ဝယ်သူများပါ အဆင်ပြေလှသည်။ မြို့နယ် စည်ပင်သာယာဈေးကြီးကို ၂ဒသမ ၂၇၆ဧက ကျယ်ဝန်းသည့် မော်ဝမ်းရပ်ကွက် စုပေါင်းရုံးအနီးတွင် ဈေးရုံ ရှစ်ရုံ၊ ဆိုင်ခန်းပေါင်း ၂၅၆ခန်းဖြင့် တည်ဆောက်ထားရှိသည်။ မြို့နယ် အကျယ်အဝန်းမှာ ကာမိုင်းမြို့အပါအဝင် ၂၃၃၉ စတုရန်းမိုင်၊ ၁၄၉၆၈၇၇ဧက ရှိပြီး ရပ်ကွက် ခြောက်ရပ်ကွက်၊ ကျေးရွာ အုပ်စု ၁၅စု၊ ကျေးရွာပေါင်း ၅၄ရွာဖြင့် ဖွဲ့စည်းထားသည်။

ဖြတ်သန်းစီးဆင်း

ချင်းတွင်းမြစ်၏ လက်တက်ဖြစ်သော ဥရုချောင်းသည် မြို့၏ အလယ်ခန့်မှ ဖြတ်သန်းစီးဆင်းပြီး ချောင်း၏မြောက်ဘက်တွင် မြို့မရပ်ကွက်၊ တောင်ဘက်၌ မရှိကထောင်ရပ်ကွက်တည်ရှိသည်။ ဥရုချောင်းအတွင်း မော်ဝမ်းချောင်း၊ မော်မောင်းချောင်း၊ စဗြိချောင်း၊ မက်မွန်ချောင်းနှင့် ဖားကန့်ကြီးချောင်း၊ နန့်စပိန်းချောင်း၊ နန့်ပင်းချောင်း၊ ဝေခါချောင်းတို့ တသွင်သွင် စီးဝင်ကြသည်။

တာမခံကျေးရွာ စိမ့်စမ်းရေသွယ်လုပ်ငန်းကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့က တည်ဆောက်ထားသည်မှာ....။ (မြန်မာ့အလင်း)

ရေပေးဝေရေး

မြို့နေပြည်သူ သောက်သုံးရေအတွက် မကြောင့်ကြရစေရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ပုဂ္ဂလိက ရေပေးဝေရေးနှင့် အကျိုးတူ ပူးပေါင်းကာ မြို့ရေပေးဝေရေးကို ဆောင်ရွက်လျက်ရှိသည်။ ရေပေးဝေရေးလုပ်ငန်းများမှာ အမှတ်(၁) ရေပေးဝေရေး၊ အမှတ် (၂)ရေပေးဝေရေး၊ မင်းသီဟ ရေပေးဝေရေး၊ ဆိပ်မူ ရေပေးဝေရေးနှင့် စည်ပင်သာယာ ရေပေးဝေရေးတို့ ဖြစ်ကြသည်။

မြို့နယ်စည်ပင် လက်ထောက်အင်ဂျင်နီယာ ဦးဇင်မင်းထွန်းက ရေမီတာဖြင့် အိမ်တိုင်ရာရောက် မီတာ ၁၈၁၉လုံး တပ်ဆင်ပြီး မြို့ပေါ်ငါးရပ်ကွက်နှင့် ယူမာ၊ ဆိပ်မူရပ်ကွက်များတွင် ရေပေးဝေလျက်ရှိရာ လူဦးရေ ၂၀၀၀၀ခန့်အတွက် အကျိုးသက်ရောက်လျက် ရှိသည်။

အခမဲ့ပေးဝေ

ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် စည်ပင်သာယာရေးအဖွဲ့၏ ရေပေးဝေရေးလုပ်ငန်းဖြင့် ရေလှောင်ကန်ပမာဏမှာ ၅၅ဒသမ ၅ရာခိုင်နှုန်း ဖြစ်ပါသည်။ မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးရွာများသို့ ၂၀၀၁ခုနှစ်မှ ယခုနှစ်အထိ လက်တုံကင်နှင့် စိမ့်စမ်းရေသွယ်ကာ ပြည်သူသို့ အခမဲ့ ပေးဝေလျက်ရှိကြောင်း ကြားသိရသည်။

မင်းသီဟ ရေပေးဝေရေးလုပ်ငန်းသည် ကျန်းမာရေး ဝန်ကြီးဌာနမှ ခွင့်ပြုချက်ဖြင့် ရာနှုန်းပြည့် သန့်စင်သည့် JADE CITY အမည်ဖြင့် သောက်ရေသန့်စက်ရုံကို ဖားကန့်တွင် တည်ထောင်ကာ ဆိပ်မူ၊ ဖားကန့်၊ လုံးခင်း၊ မိုးကောင်း၊ နမ့်ယား၊ ကာမိုင်း၊ မြစ်ကြီးနားမြို့များသို့ ဖြန့်ချိလျက်ရှိသဖြင့် ဖားကန့်ရတနာမြေသည် ကျောက်စိမ်းသာမက ရေကြည်၊ ရေသန့်ပါ ထွက်ရှိနေပေပြီ။

အပြိုင်အဆိုင်

ဖားကန့်မြို့တွင်း အိမ်ဆိုင်များကလည်း အိမ်နီးချင်း တရုတ်နိုင်ငံမှ အဝတ်အထည်၊ စောင် အမျိုးမျိုး၊ လူသုံးကုန်၊ အလှကုန်၊ မီးစက်များ၊ အီလက်ထရွန်နစ်ပစ္စည်းများ စုံလင်လှသည်။ စတိုးဆိုင်ကြီးများလည်း ရောင်းပန်းလှ၍ အပြိုင်အဆိုင်....။

မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးအောင်ကိုဦးက ဖားကန့် ရတနာမြေတွင် ၂၀၀၀-၂၀၀၁ခုနှစ်မှ ၂၀၀၈-၂၀၀၉ခုနှစ်အထိ ယခင်က လုံးဝမရှိသေးသည့် ကတ္တရာ ၂၄မိုင် ဝဒသမ ၄၅ ဖာလုံ၊ ကျောက်ချောလမ်း ၂မိုင် ၃ဒသမ ၅၈ဖာလုံ၊ အမာခံလမ်း ၁မိုင် ၁ဒသမ ၃၇ဖာလုံ၊ မြေလမ်း ၄မိုင် ဝဒသမ ၅ဖာလုံ စုစုပေါင်း ၃၁မိုင် ၅ဒသမ၉ဖာလုံကို ဖောက်လုပ်ပေးနိုင်ခဲ့ကြောင်း မြန်မာ့အလင်းသို့ ရှင်းပြသည်။

မှတ်တမ်းပြု

မြို့ပြတံတားများကို ၁၉၈၈ ခုနှစ် နောက်ပိုင်း ကွန်ကရစ်တံတား ၉၃စင်း၊ သစ်သားတံတား ကိုးစင်း၊ အခြား ရေပြွန်သုံးခု စုစုပေါင်း ၁၀၄ခုနှင့် ကျေးလက်တံတားများကို ကွန်ကရစ် တံတား ခုနစ်စင်း၊ ကျောက်ကြီးစီ သစ်သားတံတား ခုနစ်စင်း၊ သစ်သားတံတားအစင်း ၈၀၊ ရေပြွန်နှစ်ခု စုစုပေါင်း ၉၆ခု တည်ဆောက်ပေးနိုင်ခဲ့ရာ မိုးညှင်းခရိုင် ဖားကန့်ရတနာမြေ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုတို့မှာ မှတ်တမ်းပြုရပေမည်။

စိတ်အာရုံဖမ်းစားနိုင်

ဖားကန့်မြို့ကား တိုးတက်ပြောင်းလဲခဲ့ပေပြီ။ ဖွံ့ဖြိုးမှုမြင်ကွင်းအဖုံဖုံကိုလည်း နေရာစုံ၌ မြင်တွေ့နေရပြီ။ အချိန်တိုအတွင်း မြန်ဆန်စွာပြောင်းလဲဖွံ့ဖြိုးလာသော ဖားကန့်မြို့အလှကား တောင်တန်းများအလယ်တွင် အေးချမ်းလှပစွာဖြင့် စိတ်အာရုံကို ဖမ်းစားနိုင်စွမ်း ရှိနေပါတော့သည်။ ။

(မြန်မာ့အလင်း)

ဖားကန့်မြို့ တောင်ကုန်းပေါ်၌ အမှတ်(၁) လမ်းနှင့် စုပေါင်းရုံးလမ်းကို ဤသို့ သပ်ရပ်စွာ ဖောက်လုပ်ထားသည်။ (မြန်မာ့အလင်း)

မိုးညှင်းခရိုင်သို့ ပြောင်းလဲကာ မြို့ပေါ် ငါးရပ်ကွက်ဖြင့် မြို့နယ်အဆင့် သတ်မှတ်ပေးခဲ့သည်။ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ကို

ကချင်ပြည်နယ် ဖားကန့်မြို့ အဝင်ဆိုင်းဘုတ်ကို ပန်းအလှပင်များဖြင့် ဤသို့ သပ်ရပ်လှပစွာ တွေ့ရသည်။

(မြန်မာ့အလင်း)

(၆၂)ကြိမ်မြောက်

တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ ရေးဖြေနှင့် အာဂုံပြန် အောင်စာရင်းထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၁၆

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန တိပိဋကဓရရွေးချယ်ရေးအဖွဲ့က ၁၃၇၁ခုနှစ် နတ်တော်လပြည့်ကျော် ၁၂ရက် (၂၀၀၉ခုနှစ် ဒီဇင်ဘာ ၁၃ ရက်)မှ ပြာသိုလပြည့်ကျော် ၁၃ရက် (၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၂ရက်)အထိ ကျင်းပခဲ့သော (၆၂) ကြိမ်မြောက် တိပိဋကဓရရွေးချယ်ရေးစာမေးပွဲတွင် ရေးဖြေနှင့် အာဂုံပြန်အောင်မြင်ကြသူများစာရင်းကို ထုတ်ပြန်ကြေညာလိုက်သည်-

(၆၂)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ သဘောရေးဖြေနှင့် အာဂုံပြန်အောင်စာရင်း

ရေးဖြေအောင်စာရင်း

အဘိဓမ္မပိဋက၊ အဘိဓမ္မာဒုတိယပိုင်းနှစ်ကျမ်းသဘောရေးဖြေအောင် တိပိဋကကောဝိဒ တစ်ပါး

၁။ ပလ္လင်အမှတ်(၁၆၅) - အရှင်အဘိဇာတာဘိဝံသ၊ အသက်(၄၁)နှစ်၊ သိက္ခာ (၂၂)ဝါ၊ မဟာသုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

အဘိဓမ္မပိဋက၊ အဘိဓမ္မာပထမပိုင်းငါးကျမ်း သဘောရေးဖြေအောင် မူလအဘိဓမ္မကောဝိဒ တစ်ပါး

၁။ ပလ္လင်အမှတ်(၁၇၂) - အရှင်ဝါသေဋ္ဌာလင်္ကာရ၊ အသက်(၃၅)နှစ်၊ သိက္ခာ (၁၆)ဝါ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ ရွှေနံ့သာစံပြကျေးရွာ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း။

သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်း သဘောရေးဖြေအောင် ဒီဃနိကာယကောဝိဒ နှစ်ပါး

၁။ ပလ္လင်အမှတ်(၁၈၂) - အရှင်ဝိစိတ္တသာရ၊ အသက်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၂။ ပလ္လင်အမှတ်(၁၈၅) - အရှင်နန္ဒဝံသာလင်္ကာရ၊ အသက်(၃၃)နှစ်၊ သိက္ခာ (၁၃)ဝါ၊ ရွှေတောင်ဦးတိပိဋကဓမ္မပါလ ကျောင်းတိုက် မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်း သုံးကျမ်းသဘောရေးဖြေအောင် ဝိနယကောဝိဒ သုံးပါး

၁။ ပလ္လင်အမှတ်(၂၀၇) - အရှင်ဇောတိကာလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ (၁၀)ဝါ၊ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၂။ ပလ္လင်အမှတ်(၂၁၂) - အရှင်ဇဝနာလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ(၁၀)ဝါ၊ တိပိဋကနိကာယ ကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၃။ ပလ္လင်အမှတ်(၂၁၆) - အရှင်ကုန္ဒကာလင်္ကာရ၊အသက်(၂၉)နှစ်၊သိက္ခာ (၉)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

ဝိနယပိဋက၊ ဝိနည်းပထမပိုင်း နှစ်ကျမ်းသဘောရေးဖြေအောင် ဥဘတောဝိဘင်္ဂကောဝိဒ ခုနစ်ပါး

၁။ ပလ္လင်အမှတ်(၂၅၁) - အရှင်ကုန္ဒက (တန့်ဆည်)၊ အသက်(၃၃)နှစ်၊ သိက္ခာ (၁၂)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၂။ ပလ္လင်အမှတ်(၂၅၅) - အရှင်ဓမ္မာနန္ဒ၊ အသက်(၃၀)၊ သိက္ခာ(၁၁)ဝါ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၃။ ပလ္လင်အမှတ်(၂၇၃) - အရှင်သုဇနာလင်္ကာရ၊ အသက် (၂၉)နှစ်၊ သိက္ခာ (၉)ဝါ၊ သာမဏေကျော် ပရိယတ္တိစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၄။ ပလ္လင်အမှတ်(၂၇၅) - အရှင်ဇောတိဝ၊ အသက် (၃၀)၊ သိက္ခာ (၉)ဝါ၊ ကတီပင်ကျောင်းတိုက်၊ နောင်ချိုမြို့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)။

၅။ ပလ္လင်အမှတ်(၂၇၈) - အရှင်အဂ္ဂဝံသ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၆။ ပလ္လင်အမှတ်(၂၇၉) - အရှင်ဝါသဝါလင်္ကာရ၊ အသက်(၂၉)နှစ်၊ သိက္ခာ(၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၇။ ပလ္လင်အမှတ်(၂၈၉) - အရှင်သီလာနန္ဒ၊ အသက် (၂၇)နှစ်၊ သိက္ခာ (၇)ဝါ၊ နိကာယ်စာသင်တိုက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

အာဂုံပြန်အောင်စာရင်း

အဘိဓမ္မပိဋက၊ အဘိဓမ္မာရှေ့ပိုင်းငါးကျမ်းအာဂုံအောင် မူလအာဘိဓမ္မိက တစ်ပါး

၁။ ပလ္လင်အမှတ်(၅) - အရှင်ပညိဿရာလင်္ကာရ၊ အသက်(၃၂)နှစ်၊ သိက္ခာ (၁၂)ဝါ၊ ရွှေတောင်ဦးတိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

သုတ္တန္တပိဋက၊ ဒီဃနိကာယ်သုံးကျမ်းအာဂုံအောင် ဒီဃဘာဏက ငါးပါး

၁။ ပလ္လင်အမှတ်(၈) - အရှင်ဝါသေဋ္ဌ၊ အသက် (၃၆)နှစ်၊ သိက္ခာ (၁၅)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၂။ ပလ္လင်အမှတ်(၉) - အရှင်သီရိကဥ္စန၊ ၊ အသက်(၄၇)နှစ်၊ သိက္ခာ(၂၇)ဝါ၊ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃။ ပလ္လင်အမှတ်(၁၀) - အရှင်အဂ္ဂသာရာလင်္ကာရ၊ အသက်(၄၁)နှစ်၊ သိက္ခာ (၂၁)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၄။ ပလ္လင်အမှတ်(၁၂) - အရှင်သေဋ္ဌဉာဏာလင်္ကာရ၊ အသက်(၃၁)နှစ်၊ သိက္ခာ (၁၁)ဝါ၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၅။ ပလ္လင်အမှတ်(၁၃) - အရှင်ပဿောဘာသာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၆)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

ဝိနယပိဋက၊ ဝိနည်းဒုတိယပိုင်းသုံးကျမ်းအာဂုံအောင် ဝိနယဓရ(၂၄)ပါး

၁။ ပလ္လင်အမှတ်(၁၆) - အရှင်ကေလာသ(နတ်မောက်)၊ အသက်(၃၃)နှစ်၊ သိက္ခာ (၁၃)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၂။ ပလ္လင်အမှတ်(၂၀) - အရှင်သဒ္ဓန၊ အသက်(၃၀)၊ သိက္ခာ(၁၀)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ အနီးစခန်းရွာ၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်း။

၃။ ပလ္လင်အမှတ်(၂၁) - အရှင်ဇဝန၊ အသက် (၃၀)၊ သိက္ခာ (၁၁)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၄။ ပလ္လင်အမှတ်(၂၂) - အရှင်တေဇိန္ဒ၊ အသက်(၃၀)၊ သိက္ခာ(၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၅။ ပလ္လင်အမှတ်(၂၄) - အရှင်သဒ္ဓမ္မ၊ အသက်(၂၆)နှစ်၊ သိက္ခာ(၈)ဝါ၊ ရွှေတောင်ဦးတိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၆။ ပလ္လင်အမှတ်(၂၅) - အရှင်ဂန္ဓမာ၊ အသက်(၂၇)နှစ်၊ သိက္ခာ(၇)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၇။ ပလ္လင်အမှတ်(၂၉) - အရှင်စန္ဒဇောတိ၊ အသက်(၂၅)နှစ်၊ သိက္ခာ (၅)ဝါ ရွှေတောင်ဦးတိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၈။ ပလ္လင်အမှတ်(၃၂) - အရှင်ဝိမလ၊ အသက်(၂၄)နှစ်၊ သိက္ခာ (၄)ဝါ၊ နိကာယ်စာသင်တိုက်၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၉။ ပလ္လင်အမှတ်(၃၄) - အရှင်ကုန္ဒကာလင်္ကာရ၊အသက်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၁၀။ ပလ္လင်အမှတ်(၃၅) - အရှင်ပညာသီဟာလင်္ကာရ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ၊ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၁၁။ ပလ္လင်အမှတ်(၃၈) - အရှင်ဝဏ္ဏိဿရ၊ အသက်(၃၅)နှစ်၊ သိက္ခာ (၁၅)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၁၂။ ပလ္လင်အမှတ်(၃၉) - အရှင်ဝိလာသ၊ အသက်(၃၀)၊ သိက္ခာ(၁၀)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၁၃။ ပလ္လင်အမှတ်(၄၀) - အရှင်ကောသလ္လ၊ အသက်(၃၀)၊ သိက္ခာ(၁၀)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၁၄။ ပလ္လင်အမှတ်(၄၂) - အရှင်အဂ္ဂဉာဏ(ငါန်းဇွန်)၊ အသက်(၃၀)၊ သိက္ခာ (၁၀)ဝါ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၁၅။ ပလ္လင်အမှတ်(၄၃) - အရှင်ဓမ္မပီယ၊ အသက်(၃၀)၊ သိက္ခာ(၉)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၁၆။ ပလ္လင်အမှတ်(၄၅) - အရှင်ပညိန္ဒ(ခင်ဦး)၊ အသက်(၂၈)နှစ်၊ သိက္ခာ(၈)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းစစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၁၇။ ပလ္လင်အမှတ်(၄၇) - အရှင်ခေမာသိရီလင်္ကာရ၊ အသက်(၂၈)နှစ်၊ သိက္ခာ (၈)ဝါ၊ မင်းကုန်းမဟာစာသင်တိုက်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်း။

၁၈။ ပလ္လင်အမှတ်(၅၄) - အရှင်ဇနိတ၊ အသက်(၂၈)နှစ်၊ သိက္ခာ(၉)ဝါ၊ ကံထူးဓမ္မရိပ်သာကျောင်းတိုက်၊ ဥဿာမြို့သစ်၊ ပဲခူးမြို့၊ ပဲခူးတိုင်း(ဝိသိဋ္ဌဝိနယဓရ)။

၁၉။ ပလ္လင်အမှတ်(၅၅) - အရှင်သုဇာတ၊ အသက်(၂၆)နှစ်၊ သိက္ခာ (၆)ဝါ၊ ရွှေတောင်ဦး တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၂၀။ ပလ္လင်အမှတ်(၅၇) - အရှင်ဝိစက္ခဏာလင်္ကာရ၊ အသက်(၂၆)နှစ်၊ သိက္ခာ (၆)ဝါ၊ ရွှေတောင်ဦး တိပိဋကဓမ္မပါလကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၂၁။ ပလ္လင်အမှတ်(၆၂) - အရှင်တေဇနိယ၊ အသက်(၂၅)နှစ်၊ သိက္ခာ(၅)ဝါ၊ တိပိဋကာလင်္ကာရပရိယတ္တိစာသင်တိုက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။

၂၂။ ပလ္လင်အမှတ်(၆၃) - အရှင်ကုဏ္ဍောဘာသာလင်္ကာရ၊ အသက်(၂၅)နှစ်၊ သိက္ခာ (၄)ဝါ၊ တိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်း စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၂၃။ ပလ္လင်အမှတ်(၆၅) - အရှင်အာနန္ဒပဏ္ဍိတာလင်္ကာရ၊ အသက်(၂၄)နှစ်၊ သိက္ခာ (၄)ဝါ၊ သာမဏေကျော် ပရိယတ္တိစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၂၄။ ပလ္လင်အမှတ်(၆၆) - အရှင်ရေဝတ၊ အသက်(၂၃)နှစ်၊ သိက္ခာ(၃)ဝါ၊ အောင်မင်္ဂလာကျောင်းတိုက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ (ဝိသိဋ္ဌဝိနယဓရ)။

(ဆက်လက်ဖော်ပြပါမည်)

ဆရာတော် အရှင် အဘိဇာတာ ဘိဝံသ

စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက်မှ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ကို ခံယူတော်မူမည့်

အရှင်အဘိဇာတာဘိဝံသ၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားရာဇာတိနှင့် သက္ကရာဇ်

အရှင်အဘိဇာတာဘိဝံသသည် စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် ဆင်နင်းကျေးရွာ ခမည်းတော် ဦးတင်ရ-မယ်တော် ဒေါ်ညွန့်ခင်တို့မှ (၁၃၃၀ပြည့်နှစ် သီတင်းကျွတ် လဆန်း ၈ရက်)၊ ၂၉-၉-၆၈ရက် (တနင်္ဂနွေနေ့)တွင် ဖွားမြင်သော သားရတနာ ဖြစ်ပါသည်။

ဥပသမ္ပဒမင်္ဂလာ

၁၃၄၁ခုနှစ် နတ်တော်လဆန်း ၁၁ရက်တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ဆင်နင်းကျေးရွာ ဇမ္ဗူမင်္ဂလာရွှေရိပ်သာကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

၁၃၄၉ခုနှစ် ပြာသိုလပြည့်ကျော် ၁ရက်တွင် ဝက်လက်မြို့ ကြံ့ခိုင်ရပ် ဦးသန်းထွန်း -ဒေါ်ဟန်ညွန့်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ပဓာနနာယက ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ဝက်လက်မြို့၊ သီရိရပ်၊ ဓမ္မာရုံကျောင်း သာသနဝိလာသိနီ သိမ်တော်တွင် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ကျေးဇူးရှင်ဆရာတော်များ

ဝက်လက်မြို့နယ် ဆင်နင်းကျေးရွာ ဇမ္ဗူမင်္ဂလာရွှေရိပ်သာကျောင်းဆရာတော်၊ စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ပဓာန နာယကဆရာတော်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် ဘဒ္ဒန္တနန္ဒမာလာဘိဝံသ၊ မတ္တရာမြို့ သာသနဇောတာရုံဆရာတော်၊ သုဗောဓေ ဂဏဝါစကများဖြစ်ကြသော အရှင်အဓိဝါသ၊ အရှင်ဇိနောရသ၊ အရှင်ပိဏ္ဍောလာဘိဝံသ၊ နောင်ချိုမြို့ ကတီပင်ကျောင်း ဆရာတော်၊ မန္တလေးမြို့ စည်ရှင်ကျောင်း အရှင်မာနိတာ လင်္ကာရာဘိဝံသ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဗန်းမော်ဆရာတော် စသည်တို့ဖြစ်ပါသည်။

အောင်မြင်ခဲ့သော စာမေးပွဲများ

အစိုးရ သာသနဓဇ ဓမ္မာစရိယ ပါဠိပါရဂူ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ရန်ကုန်စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာစရိယ ဂဏဝါစက၊ မန္တလေး ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယ၊ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ ဝိနယဓရ၊ ဝိနယကောဝိဒဘွဲ့တံဆိပ်တော်၊ ဒီဃဘာဏက၊ ဒီဃနိကာယကောဝိဒဘွဲ့တံဆိပ်တော်၊ မူလအာဘိဓမ္မိက၊ မူလအဘိဓမ္မကောဝိဒ ဘွဲ့တံဆိပ်တော်၊ အာဘိဓမ္မိက ဘွဲ့တံဆိပ်တော်နှင့် (၅၉)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် ပိဋကသုံးပုံအလုံးစုံကို အာဂုံပြန်ဆို အောင်မြင်တော်မူသဖြင့် တိပိဋကဓရ ဘွဲ့တံဆိပ်တော်တို့ကို ရရှိတော်မူခဲ့ပါသည်။

တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်အလှူခံရရှိခြင်း

အရှင်အဘိဇာတာဘိဝံသသည် ၁၃၇၁ခုနှစ်၊ ၂၀၁၀ခုနှစ် (၆၂)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် ပိဋကသုံးပုံအလုံးစုံကို သဘောရေးဖြေအောင်မြင်တော်မူသဖြင့် တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်နှင့် အရိုးဝါကနက္ကဒဏ်ထီးဖြူတော် သုံးလက်တံဆိပ်ပါရှိသော သာသနာ့ အောင်လံတော်တို့ကို အလှူခံရရှိတော်မူမည် ဖြစ်ပါသည်။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္လာနေ့-နံနက်+နေ့လယ်+ည)

၁၈-၁-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
၇း၁၀ နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၃၀ တရားတော် (ရတနသုတ်)
၈း၀၀ နံနက်ခင်းတေးပဒေသာ
၈း၁၀ စံတော်ချိန် + သတင်း
နံနက်ခင်းတေးပဒေသာ
၁၀း၀၀ အမှတ်တရ တေးလက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၀း၄၅ လယ်ယာစီးပွား (ငရုတ်တစ်ပင်၊ ဘူးတစ်ပင် စိုက်လျှင်ရောင်းရ ဝမ်းလည်းဝ) တေးသီချင်း
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ မေတ္တို့တွက်တာအလှကမ္ဘာ (အိပ်တတ်မှလှမယ်)
၁၁း၂၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ သိပ္ပံပညာ သိကောင်းစရာ (တရုတ်သိပ္ပံနှင့် နည်းပညာပြတိုက်ကြီး)
၁၁း၄၀ တေးပဒေသာ
၁၂း၀၀ စံတော်ချိန်
သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ(၄)
၁၂း၁၅ အလုပ်အကိုင် အခွင့်အလမ်း (စက်မှု/သက်မွေး ဦးစီး)
၁၂း၂၀ တေးပဒေသာ
၁၂း၃၀ အားကစားသတင်းပဒေသာ
၁၂း၄၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ ပညာရေးအစီအစဉ် (မူလတန်းအထက်ဆင့် - အင်္ဂလိပ်စာ) တေးပဒေသာ
၁၆း၀၀အဖွင့်တီးလုံး+ကြေညာချက်
ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ သန့်စွမ်းကျန်းမာ ကိုယ်ခန္ဓာ (ကြက်ဥကိုစား အကျိုးများ)
၁၇း၁၀ ဇာနည်စစ်သည် တေးပန်းချီ
၁၇း၃၀ သတင်းစာဆောင်းပါး
၁၇း၄၀ ညနေခင်းတေးပဒေသာ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွေးသီ တေးပန်းချီ
တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ ရေဒီယိုအတိတ် တေးအရိပ်
နိုင်ငံရေးဦးတည်ချက်
၁၉း၂၅ ပြုံးပဒေသာ (ဟာသကမ္ဘာ-၄)
တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ချမ်းမြေ့သာယာသီရိဂေဟာ (တေးသံရှင် အဲလက်စ်နဲ့ ခင်အိအိခင်တို့ ဇနီးမောင်နှံ)
၂၀း၃၀ တေးပဒေသာ စီးပွားရေးဦးတည်ချက်
၂၁း၀၀ သီချင်းကြီး
လူမှုရေးဦးတည်ချက်
၂၁း၁၅ ခံစားနားဆင် မြန်မာတေးသံစဉ်
တေးပဒေသာ

မွန်ပြည်နယ် ပညာရေးစုံညီပွဲတော်နှင့် ပြည်နယ်ဂုဏ်ဆောင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၆

မွန်ပြည်နယ် ပညာရေးစုံညီပွဲတော်နှင့် ပြည်နယ်ဂုဏ်ဆောင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက် နံနက် ၉နာရီခွဲက မော်လမြိုင်မြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၌ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရင်းရင်းနှီးနှီး

ရှေးဦးစွာ ပညာရေးစုံညီပွဲတော်မုခ်ဦးကို တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက အဖွင့်အမှာစကား ပြောကြား၍ ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြကာ တိုင်းမှူးနှင့် အဖွဲ့ဝင်များက ဆုရကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဧည့်သည်တော်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် တိုင်းမှူးသည် ပြည်နယ်ခန်းမ၌ ကျင်းပသော လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြည်နယ်ဂုဏ်ဆောင်ဆုနှင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။**(ယာပုံ)**

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၇-၁-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
- ၇း၄၅ ၇။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **လပြည့်ညရဲ့စိန်ခေါ်သံ** အပိုင်း(၁၆)
- ၁၂း၀၀ ၅။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **ချစ်အမွှာ**
- ၁၃း၃၀ ၆။ ကျန်းမာသုတ
- ၁၄း၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** အပိုင်း (၁)

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၀။ လျှပ်တစ်ပြက်
- ၆း၃၀ ၁၁။ **ဘဝကြေးမုံ** ကောင်းမွေဆိုးမွေခံထိုက်စေ အကယ်ဒမီမြင့်မြင့်ခင်၊ ဝါဝါအောင်၊ ကေကေမိုးမြင့်၊ နန္ဒီဝင့်နိုင် (ဒါရိုက်တာ-မေတင်၊ MMG)
- ၆း၄၅ ၁၂။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
- ၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူမေတ္တာ** အပိုင်း(၁၁)
- ၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ နိုင်ငံတကာသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ ကျန်းမာသုတ
- ၁၉။ ပဟေဠိနန်းတော်
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **အရဏ်ဦးအချစ်** အပိုင်း(၂၂)

မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးအစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၄ရက်က စတုတ္ထအကြိမ်သဘင်သက်ကြီး ပူဇော်ပွဲကျင်းပနိုင်ရေးအတွက် မင်းသားမိုးမင်းက အလှူငွေ ကျပ်သိန်း ၂၀ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးစိန်လှမြိုင် လက်ခံယူစဉ်။

(သဘင်ပညာရှင်များအစည်းအရုံး)

အခြေခံပညာအထက်တန်း(ကျောင်းခွဲ) ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

ဝါးခယ်မ ဇန်နဝါရီ ၁၆

နိုင်ငံတော်၏ ပံ့ပိုးမှု၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် တည်ဆောက်ပြီးစီးသွားသော ဝါးခယ်မမြို့နယ် ညောင်ငူကျေးရွာ အခြေခံပညာအထက်တန်း(ကျောင်းခွဲ) ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၇ရက် နံနက်က ကျောင်းခန်းမဆောင်၌ ကျင်းပသည်။

အမှာစကားပြောကြား

ကျောင်းခန်းမဆောင်တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်အေး၊ ပညာရေးဝန်ကြီးဌာန အမှတ်(၁) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ) ဗိုလ်မှူးမျိုးညွှန့်၊ ဧရာဝတီတိုင်း ပညာရေးမှူး (စစ်ဆေးရေး) ဦးမြင့်နိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ကျောင်းဆောင်သစ်ကို အလှူရှင်များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ဆက်လက်၍ ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌက ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား ကျောင်းအုပ်ဆရာကြီးသို့ လွှဲပြောင်းပေးအပ်လိုက်သည်။

ပူးပေါင်းပါဝင်

အဆိုပါ ညောင်ငူကျေးရွာ အခြေခံပညာအထက်တန်း(ကျောင်းခွဲ)မှာ အလျား ပေ ၂၀၀၊ အနံ ပေ ၃၀ရှိ နှစ်ထပ် သံကူကွန်ကရစ် ကျောင်းဆောင်ဖြစ်ပြီး နိုင်ငံတော်က ပံ့ပိုးမှု၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ငွေကျပ်သိန်း ၆၀၀ကျော်ဖြင့် တည်ဆောက်ပြီးစီးသွားသော ကျောင်းဆောင်သစ်ဖြစ်သည်။

(၁၃၉)

ခရမ်းမြို့နယ်အသင်း (ရန်ကုန်) ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

ခရမ်းမြို့နယ်အသင်း(ရန်ကုန်)က ဦးဆောင်၍ မြို့နယ်အတွင်းနှင့် ရန်ကုန်ရောက် ခရမ်းသူခရမ်းသားများ၏ ရင်သွေးများအား ပညာရည်ချွန်ဆုပေးပွဲနှင့် အသင်းနှစ်ပတ်လည် အစည်းအဝေးကို ရန်ကုန်မြို့၌ ကျင်းပရန် စီစဉ်လျက်ရှိသည်။

ဆက်သွယ်ပေးပို့

သို့ဖြစ်၍ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသူ ကျောင်းသားများသည် မိမိတို့အောင်မြင်သော ဂုဏ်ထူးရဘာသာများကိုဖော်ပြ၍ ခရမ်းမြို့နယ်အသင်း(ရန်ကုန်) ဖုန်း-၀၁-၅၄၉၃၃၉ သို့ ဇန်နဝါရီ ၃၁ရက်နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ ဇန်နဝါရီ ၂၂ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီမှ ၂နာရီခွဲအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ် အခန်း (၂၀၅)၌ UK ရှိ Nokia ကုမ္ပဏီမှ Senior Test Analyst ဖြစ်သူ Mr.Len Aye က Software Testing ပြုလုပ်သည့် နည်းစနစ်များဖြစ်သည့် Testing Tools, Test case generation, error mana gement,test case management, test Reporting အစရှိသည်တို့နှင့် ပတ်သက်၍ ဆွေးနွေးဟောပြောမည် ဖြစ်သည်။

အခမဲ့တက်ရောက်နိုင်

အဆိုပါဟောပြောပွဲသို့ စိတ်ဝင်စားသူမည်သူမဆို ကြိုတင်စာရင်းပေးသွင်းရန်မလိုဘဲ အခမဲ့ တက်ရောက်နိုင်ပြီး အသေးစိတ် သိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်း ရုံးခန်း အဆောင်(၄) အခန်း(၄) ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ် စုံစမ်းနိုင်သည်။

(သတင်းစဉ်)

လက်တွေ့အသုံးချ ပရိုဂရမ်မင်း သင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၆

ကွန်ပျူတာ Programming နည်းပညာကို စိတ်ဝင်စားသူများနှင့် ပြည်တွင်း၊ ပြည်ပ၌ အောင်မြင်သော Programmer, Web Application Developer တစ်ယောက်အဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် ကမ္ဘာပေါ်၌ အသုံးအများဆုံးဖြစ်သော Microsoft ကုမ္ပဏီမှ နောက်ဆုံးထွက်ရှိသော .Net နည်းပညာ အခြေပြု Programming သင်တန်းများကို Gusto ကွန်ပျူတာနည်းပညာသင်တန်းကျောင်းက နိုင်ငံတကာ Software Development အတွေ့အကြုံရှိ ဆရာများက သင်ကြားပေးမည်ဖြစ်သည်။

သင်ကြား

သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်မှာ လူငယ်များ Programming နည်းစနစ်များကို စနစ်တကျ နားလည်တတ်ကျွမ်း၍ လက်တွေ့လုပ်ငန်းခွင်၌ ထိထိရောက်ရောက် အသုံးချနိုင်စေရန်ဖြစ်ပြီး ယင်းရည်ရွယ်ချက် ပြည့်မီစေရန်အတွက် Gusto နည်းပညာသင်တန်းကျောင်းက Microsoft .Net နည်းပညာများကို Level နှစ်ဆင့်ခွဲခြား၍ သင်ကြားပေးလျက်ရှိသည်။

Level 1 ဖြစ်သော .Net Framework with OOP သင်တန်းတွင် Web Application ကို ရေးသည်ဖြစ်စေ၊ Window Application ကို ရေးသည်ဖြစ်စေ၊ Mobile Application ကို ရေးသည်ဖြစ်စေ အခြေခံ သိသင့်သိထိုက်သော Core Techniques များနှင့် Concepts များကို လေ့လာရမည်ဖြစ်ပြီး သင်တန်းသားများ၏ Programming နှင့်စပ်လျဉ်းသော အတွေးအခေါ်၊ အယူအဆများ မြင့်မားတိုးတက်လာစေရန် လေ့ကျင့်ပေးမှုများလည်း ပါဝင်မည်ဖြစ်သည်။

နားလည်တတ်ကျွမ်း

ယင်းကဲ့သို့ Programming ဆိုင်ရာ အနှစ်သာရများ၊ အယူအဆများကို စနစ်တကျ နားလည်သဘောပေါက်ခဲ့ပါက နောင်အသစ်အသစ်ပေါ်လာမည့် Programming Language များကို မိမိကိုယ်တိုင်လေ့လာရုံဖြင့် နားလည်တတ်ကျွမ်းနိုင်မည်ဖြစ်သည်။

အဆင့်မြင့် Level-2 အတန်းဖြစ်သော ASP.Net 3.5 with AJAX သင်တန်းတွင် Database နှင့် ချိတ်ဆက်၍ Internet အပေါ်တွင် အသုံးပြုနိုင်သော Dynamic Web Application တစ်ခုကို တည်ဆောက်နိုင်စေရန်အတွက် သင်ကြားပေးမည်ဖြစ်သည်။ ဤသင်တန်းတွင် Web Application တစ်ခု ရေးသားရာတွင် လက်ရှိအသုံးများနေသော ASP.Net 3.5 ကို AJAX နည်းပညာနှင့် တွဲဖက်သင်ကြားပေးမည်ဖြစ်သည်။ ကျောင်း Thesis / Projects များကို ရေးသားရန်ရှိသူများနှင့် Web Application တစ်ခုကို ကိုယ်တိုင်အစအဆုံး ရေးတတ်ချင်သူများ အထူးတက်ရောက်သင့်ပြီး သင်တန်းပြီးဆုံးပါက မိမိလေ့လာထားပြီးသည်များကို လက်တွေ့အသုံးချနိုင်ရန် Practical Project တစ်ခု ပြုလုပ်ရမည် ဖြစ်သည်။

ဆက်သွယ်နိုင်

အဆိုပါ သင်တန်းများကို Programming အခြေခံရှိသူ မည်သူမဆို တက်ရောက်နိုင်ကြပြီး Programming အခြေခံမရှိသေးသူများသည် Programming Fundamental သင်တန်းမှတစ်ဆင့် တက်ရောက်နိုင်ကြသည်။ စိတ်ဝင်စားသူများအနေဖြင့် Gusto နည်းပညာသင်တန်းကျောင်း အမှတ်၂၆ ၁၄လမ်း(အောက်ဘက်) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၂၀၅၂ နှင့် ၂၂၄၄၉၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဈေးမီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်ဆောင်ရွက်မှုကို ဒီဇင်ဘာ ၂၃ရက်က အဖွဲ့ပိုင် နေခြည်ဈေးအတွင်း စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေး အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းလေ့ကျင့်ဆောင်ရွက်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးကြူ၊ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးနိုင်တို့က ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် ဇန်နဝါရီ ၁၆

မန်စီ၌ မျက်စီ အခမဲ့စမ်းသပ်ကုသပေး

မန်စီမြို့နယ်ရှိ ပြည်သူများအား မျက်စီအခမဲ့စမ်းသပ်ပေးခြင်း၊ မျက်မှန်ပေးအပ် တပ်ဆင်ပေးခြင်းနှင့် ခွဲစိတ်ကုသပေးခြင်းကို မန်စီမြို့နယ်ပြည်သူ့ဆေးရုံ၌ ဇန်နဝါရီ ၇ရက် နံနက်၇နာရီမှ ညနေ ၄နာရီအထိ မျက်စီကုပါရဂူပညာရှင်များက ပြည်သူ စုစုပေါင်း ၉၂၁ဦးအား အခမဲ့ကုသပေးကြသည်။ (မြို့နယ် ပြန်/ဆက်)

တန့်ယန်းမြို့နယ်၌ မူခင်းကျဆင်းရေး ပညာပေးဟောပြော

တန့်ယန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာနှင့် မူခင်းကျဆင်းရေးအသိပညာပေးဟော ပြောပွဲကို အမှတ်(၃)ရပ်ကွက်ရှိ အလကကျောင်း၌ ဒီဇင်ဘာ ၃ရက် နံနက် ၉နာရီတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူရက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် ရဲတပ်ဖွဲ့မှ ဒုတိယမြို့နယ်မှူး ရဲအုပ်ဇော်မင်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှတပ်ကြပ်ကြီး ကျော်ကျော်ထူးတို့က ယာဉ်နှင့် လမ်းစည်းကမ်းဆိုင်ရာများနှင့် မူခင်းကျဆင်းရေး အသိပညာပေးဟောပြောကြသည်။ (မြို့နယ် ပြန်/ဆက်)

မတူပီ၌ အိုင်အိုဒင်းဆား စစ်ဆေး

မတူပီမြို့ပေါ်ရှိ ကုန်စုံဆိုင်များတွင်ရောင်းချနေသော ဆားများ၌ အိုင်အိုဒင်းပါရှိမှု အခြေအနေကို ဒီဇင်ဘာ ၁၇ရက်က အမှုဆောင်အရာရှိ ဦးလှိုင်ဦးနှင့် ကျန်းမာရေး ဝန်ထမ်းများ ပူးပေါင်းစစ်ဆေးမှု ပြုလုပ်ကြသည်။ (ပြည်နယ် ပြန်/ဆက်)

သာစည်မြို့နယ်၌ သန့်ရှင်းရေးဆောင်ရွက်

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း အမှိုက်များ ကင်းစင်ရေးနှင့် သန့်ရှင်းသာယာမှုရှိရေးတို့အတွက် ဒီဇင်ဘာ ၁၉ရက်က စည်ပင် သာယာရေးဝန်ထမ်းများနှင့် ဈေးသူဈေးသားများပူးပေါင်း၍ သန့်ရှင်းရေး ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးမောင်တိုး ကြပ်မတ်ဆောင်ရွက်ပေးသည်။ (ဝဇင)

ကျောက်ဆည်မြို့နယ် ကုန်းကြီးကျေးရွာ၌ စာကြည့်တိုက်ဖွင့်

ကျောက်ဆည်မြို့နယ် ကုန်းကြီးကျေးရွာ၌ ဇန်နဝါရီ ၁ရက် မွန်းလွဲ ၁နာရီက ပညာ့အလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပရာ အခမ်းအနားတွင် ကုန်းကြီးကျေးရွာဥက္ကဋ္ဌ ဦးဝင်းမြိုင်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝေဝေဖြိုးက စာကြည့်တိုက် ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် စာပေ၏အကျိုးကျေးဇူးများကို ရှင်းလင်း ဆွေးနွေး သည်။ (ခရိုင် ပြန်/ဆက်)

သောက်သုံးရေရရှိရေး တီးတိန်၌ ဆောင်ရွက်

ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့် တာဝန်ခံအင်ဂျင်နီယာအဖွဲ့သည် ဇန်နဝါရီ ၃ရက်က တီးတိန်မြို့ ခကော့လန် ရပ်ကွက်နေ ပြည်သူများ သောက်သုံးရေရရှိရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးသည်။ (ပြည်နယ် ပြန်/ဆက်)

မြစ်ကြီးနား၌ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ သန့်ရှင်းသပ်ရပ် သာယာလှပရေးအတွက် ပြည်ထောင်စုလမ်းဝဲယာရှိ မြို့သစ်ကြီး၊ မြေမြင့်၊ ယုဇန၊ မြို့သစ်ရပ်ကွက်များနှင့် ဆွမ်ပရာဘွမ်လမ်း ဝဲယာရှိ ဇရော၊ သီတာနှင့် တပ်ကုန်း ရပ်ကွက်များသို့ ခေါင်းလောင်းတီး အမှိုက်သိမ်း စွန့်ပစ်ခြင်းလုပ်ငန်းကို နေ့စဉ်ဆောင်ရွက်လျက်ရှိရာ မြို့နယ် အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်နှင့် ဒုတိယဦးစီးမှူး(သန့်) ဦးတင်မောင်ထွေး တို့ ကွင်းဆင်းစစ်ဆေးကြသည်။ (ပြည်နယ် ပြန်/ဆက်)

အင်းတော်၌ ပန်းအလှဖြင့် မြေယာရှုခင်းဆောင်ရွက်

စစ်ကိုင်းတိုင်း ကသာခရိုင် အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒီဇင်ဘာ ၈ရက်က အင်းတော်မြို့ အောင်ချမ်းသာရပ်ကွက် သာယာလမ်းနှင့် ကုန်သည် လမ်းထောင့်တွင် အဖွဲ့ဝန်ထမ်းများစုပေါင်း၍ နိုင်ငံခြား မြက်ခင်းတွင် ပန်းအလှပင် များဖြင့် မြေယာရှုခင်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးအောင်အောင်ဦးတို့ ကြီးကြပ်ဆောင်ရွက်ပေးသည်။ (ဝ၃ဝ)

ဗန်းမော်စည်ပင်သာယာ လမ်းပေါက်များဖာထေး

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းလမ်းများကောင်းမွန်ရေး အတွက် ဗိုလ်ချုပ်လမ်းပေါ်ရှိ ချိုင့်ခွက်များအား ကတ္တရာဖာထေးပြုပြင်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၉ရက်ကဆောင်ရွက်ရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိုးနေလင်း ကြီးကြပ်ပေးသည်။ (ခရိုင် ပြန်/ဆက်)

ကျွန်းလှ တပ်ကုန်းကျေးရွာ၌ မိုးစပါးစံကွက်ရိတ်သိမ်း

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးနိုင် ဦးဆောင်ပြီး မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ဒီဇင်ဘာ ၂၂ရက်က ရှမ်းစု ကျေးရွာအုပ်စု တပ်ကုန်းကျေးရွာ ကွင်းအမှတ် ၄၉၅ ဦးပိုင်အမှတ်၂၉ တောင်သူ ဒေါ်ခင်ရွှေ၏ လယ်မြေတစ်ဧက၌ စိုက်ပျိုးထားသော ရောမင်းစပါးစံကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် ၉၂ တင်းနှုန်းထွက်ရှိသည်။ (မြို့နယ် ပြန်/ဆက်)

ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်

၂၀၁၀ခုနှစ် (၄၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၁ ရက်က ရန်ကုန်မြို့ လှိုင်ယာအားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ကျင်းပရာ အမျိုးသမီး တံခွန်စိုက်ဒိုင်းဆု၊ အမျိုးသား တံခွန်စိုက်ဒိုင်းဆုနှင့် စွယ်စုံတံခွန်စိုက်ဒိုင်း ဆုများရရှိသော ရန်ကုန်တိုင်းအသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို ဆင့်ပွားဒိုင်းဆု များနှင့်အတူ တွေ့ရစဉ်။ (အား/ကာ)

ရန်ကုန်တက္ကသိုလ်သချာၤမိသားစု၏ အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ ၄ရက်က ရန်ကုန်မြို့ ဖူဆန်စားသောက်ဆိုင်၌ ကျင်းပရာ ဆရာကြီး ဦးဘတုတ်အမှူးပြုသော သချာၤ အငြိမ်းစားပါမောက္ခများ တက်ရောက် ကြပြီး ငွေကျပ်ငါးသောင်းနှင့်အထက် လှူဒါန်းခဲ့ကြသော ကျောင်းသားဟောင်းများ အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ရာ ရန်ကုန်တက္ကသိုလ် သချာၤပါမောက္ခ (ဌာနမှူး) ဒေါက်တာဇော်ဝင်းက သချာၤကျောင်းသားဟောင်း အလှူရှင် ဦးမောင် မောင်တီ အား ဂုဏ်ပြုလွှာပေးအပ်စဉ်။

(မြန်မာ့အလင်း)

ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးဌာန ထူးချွန်သူများအား ထပ်ဆင့်ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးဌာန၌ ထူးချွန်သူ များအား ထပ်ဆင့်ဂုဏ်ပြုပွဲ အခမ်းအနား ကို ဇန်နဝါရီ ၇ရက် နံနက် ၁၀နာရီက အဆိုပါ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး (ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ရေးဦးစွာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က အဖွင့်အမှာစကားပြောကြား သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ထူးချွန်အရာထမ်းများ ဖြစ်သော ၂၀၀၈ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ(သိပ္ပံနှင့်အသုံးချသိပ္ပံ) ပညာ ရပ်တွင် ရေအောက်ကမ္ဘာ၏ သိပ္ပံဆိုင်ရာ လျှို့ဝှက်ချက်များနှင့် ရေငုပ်သူရဲကောင်းများ စာမူဖြင့် ပထမဆုရရှိသူ လူလေး (မြစ်ဝ ကျွန်းပေါ်) **(အောက်ပုံ)**၊ သုတပဒေသာ ဝိဇ္ဇာပညာရပ်တွင် ကစ္ဆပနဒီမှ ဧရာဝတီ သစ္စာစာမူဖြင့် ဒုတိယဆုရရှိသူ မောင်မိုးယံ နှင့် မြဝတီ စာပေဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုရရှိသူ စောခူအေးတို့အား ဂုဏ်ပြု ပစ္စည်းနှင့် ဂုဏ်ပြုငွေများကို ဦးဆောင် ညွှန်ကြားရေးမှူးက ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုလက်ဆောင်ပေး

ဆက်လက်၍ ဌာန နှစ်ပတ်လည် မဂ္ဂဇင်းတွင် ပါဝင်ရေးသား ကူညီသူများ အား အထွေထွေမန်နေဂျာ ဦးမောင်မောင် လွင်က ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး ဂုဏ်ပြုဆုရရှိသူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ **(ပြည်တွင်းရေကြောင်း)**

ဆေးတက္ကသိုလ်(၁) ကျောင်းသားဟောင်းများ ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၆

၁၉၆၅ ခုနှစ်က ဆေးတက္ကသိုလ်(၁) ရန်ကုန်တွင် စတင်ပညာဆည်းပူးခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံ စားပွဲကို ဇန်နဝါရီ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ဆီဒိုးနားဟိုတယ် ရန်ကင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

ကျောင်းသား ကျောင်းသူဟောင်းများ သည် ဒေါက်တာကျော်မင်း ဖုန်း-၀၉-၅၁၈၆၄၉၅၊ဒေါက်တာလဲ့လဲ့ရီ ဖုန်း-၀၉-၅၁၃၅၅၉၇၊ ဒေါက်တာ လှိုင်စိုးဝယ် ဖုန်း-၀၉-၅၅၀၅၃၃၄၊ဒေါက်တာဝင်းမောင် ဖုန်း-၀၉-၅၀၂၂၇၁၈၊ ဒေါက်တာ မောင်မောင် မြင့် ဖုန်း-၀၉-၅၀၁၄၇၃၂၊ ဒေါက်တာ ခင်ဝင်းကြူ ဖုန်း-၀၉-၅၀၀၆၇၃၀၊ ဒေါက်တာ နုနုမော် ဖုန်း-၀၉-၈၀၃၂၈၅၆၊ ဒေါက်တာချိုချိုမြင့် ဖုန်း-၀၉-၅၀၀၇၀၉၃၊ ဒေါက်တာမြင့်မြင့်လွင် ဖုန်း-၀၉-၅၀၀၃၇၈၀၊ ဒေါက်တာခင်ခင်သက် ဖုန်း-၀၉-၅၀၁၄၁၇၂၊ဒေါက်တာခင်မြတ်ထွန်း ဖုန်း-၀၁-၅၇၃၇၅၆၊ဒေါက်တာခင်သက်ဝေ ဖုန်း-၀၁-၅၇၇၉၇၄၊ ဒေါက်တာ မျိုးသန်း ဖုန်း-၀၁-၇၂၆၉၄၁နှင့် ဒေါက်တာမြမြသိန်း ဖုန်း-၀၉-၅၀၁၁၇၆၄ တို့သို့ ဆက်သွယ် စုံစမ်းလှူဒါန်းနိုင်ကြောင်းနှင့် ငွေဆောင် ခရီးအတွက် ဇန်နဝါရီ ၂၀ရက် နောက်ဆုံး ထား၍ စာရင်းပေးသွင်းကြရန် နှိုးဆော် ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကသာမြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဒေါ်တင်တင်စိုးနှင့်အဖွဲ့ ဆောင် ရွက်လျက်ရှိသည့် အရှည်ပေ ၁၂၅၀၊ အကျယ် ၁၂ပေရှိ အမှတ်(၅)ရပ်ကွက် ၁လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဇော်တို့က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မင်္ဂလာတောင်ညွန့်မြို့နယ်သပြေ ကုန်းရပ်ကွက်၌ ငွေကျပ် ၅၂စသိန်း အကုန်အကျခံကာ ဖောက်လုပ်ခဲ့သော အကျယ်၄၃ပေ၊ အလျားပေ ၁၁၁၀ရှိ ၁၂၅လမ်း ကိုယ့်အားကိုယ်ကိုး သံကူ ကွန်ကရစ် လမ်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၅ ရက်က လမ်းထိပ်မုခ်ဦးရှေ့၌ ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင် သာယာရေးကော်မတီ အတွင်းရေးမှူး ဦးကျော်စိုး၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော် ငြိမ်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းထွန်း ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(၁၂၃)







သူငယ်ချင်းတို့

(၁၉၇၂-၁၉၇၈ ရန်ကုန် စက်မှုတက္ကသိုလ်
ကျောင်းသား/သူဟောင်းများ)

တို့သူငယ်ချင်း ဒေါက်တာခင်မောင်ထွန်း (ထက်လင်းဆေးတိုက်)အာဆီယံ အင်ဂျင်နီယာ (ASEAN Engineer Registration) ရရှိခြင်းအတွက် ဂုဏ်ပြုရအောင် ၂၀၁၀ ခုနှစ် ဇန်နဝါရီလ ၂၀ရက် (ဗုဒ္ဓဟူးနေ့) ည ၇:၀၀နာရီ M3 Food Centre (မိတ်ဆုံညစာစားပွဲ)မှာ ဆုံကြပါစို့.—

သူငယ်ချင်းတစ်စု -

ဦးမြင့်အောင်	ဖုန်း - ၀၉-၅၁၉၆၇၄၄
ဦးအောင်လှချစ်	ဖုန်း - ၀၉-၅၀၀၅၀၅၈
ဦးရွှေသိန်းကျော်	ဖုန်း - ၀၉-၅၀၀၂၇၉၅
ဦးမြင့်ဆွေ	ဖုန်း - ၀၉-၅၁၈၆၅၄၅

သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ဒေါပုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကို ဒီဇင်ဘာ ၂၇ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိ ဦးမိုးအောင်(မောင်မောင်မိုးအောင်) က အဖွင့်အမှာစကား ပြောကြားပြီး အခမ်းအနားမှူးအဖြစ် ဦးမြသန်း (ကျော်ဇောဟိန်း-ဒေါပုံ)က ဆောင်ရွက်သည်။ **(ယာပုံ)**

ဖတ်ကြား

ဆက်လက်၍ အမှုဆောင်အဖွဲ့ အစီရင်ခံစာကိုဦးဝင်းရွှေ (မောင်ယဉ်ဝင်း-ဒေါပုံ)ကလည်းကောင်း၊ ငွေစာရင်းရှင်းတမ်းကို ဦးအောင်တင်သန်း (အောင်တင်သန်း)က လည်းကောင်း ဖတ်ကြားကြသည်။

ရွေးချယ်

အမှုဆောင်သစ် ရွေးချယ်ပွဲကို ဆက်လက်ဆောင်ရွက်ရာဒေါပုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌအဖြစ် ဦးမိုးအောင် (မောင်မောင်မိုးအောင်)၊ အတွင်းရေးမှူးဦးအေးသန်း (ကြည်ပြာအေး)၊ဘဏ္ဍာရေးမှူး ဦးအောင်တင်သန်း(အောင်တင်သန်း)၊ အမှုဆောင်အဖွဲ့ဝင်များအဖြစ်ဦးမြသန်း(ကျော်ဇောဟိန်း-ဒေါပုံ)နှင့်ဦးဝင်းရွှေ(မောင်ယဉ်ဝင်း-ဒေါပုံ)တို့အား ရွေးချယ်ခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး ရွှေပြည်သာ လှော်ကားကျေးရွာ၌ ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်(မြောက်ပိုင်း)ခရိုင် ရွှေပြည်သာမြို့နယ် လှော်ကားကျေးရွာတွင် ဇန်နဝါရီ ၁၆ရက် နံနက်၈နာရီက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ပညာပေးဟောပြောခြင်း၊ အဘိတ်ဆေးများခတ်ခြင်း၊ ဆေးဖျန်းခြင်း၊ ပိုးလောက်လမ်းနှိမ်နင်းခြင်း၊ ခြင်ထောင်များ အခမဲ့ဆေးစိမ်ပေးခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ကြသည်။

ပညာပေးဟောပြော

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးညီညီအောင်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးနှင့်စပ်လျဉ်း၍ ပညာပေးဟောပြောသည်။ **(အောက်ပုံ)**

စုစည်းဆောင်ရွက်

ယင်းနောက် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးညီညီအောင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိန်လင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်ကျန်းမာရေးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ၊ လှော်ကားကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာပြည်သူများ စုပေါင်းပါဝင်ဆောင်ရွက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တက္ကသိုလ် ဒဿနိကမိသားစု ပဉ္စမအကြိမ်အာစရိယပူဇော်

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒမိသားစု၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၉ရက် နံနက် ၉နာရီခွဲက တက္ကသိုလ်များဓမ္မာရုံ၌ကျင်းပရာ **(အပေါ်ပုံ)** ကျောင်းသား ကျောင်းသူဟောင်းများက အခမ်းအနားသို့တက်ရောက်လာသော ဆရာ ဆရာမကြီးများအား ကန်တော့ချိုးဖြင့် ပူဇော်ကန်တော့ကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျောင်းသား ကျောင်းသူဟောင်းများက ကန်တော့လက်ဆောင်များ ပေးအပ်လှူဒါန်းကြရာ ကန်တော့ခံဆရာကြီး ဆရာမကြီးများကိုယ်စား ရန်ကုန်ပညာရေးတက္ကသိုလ်ပါမောက္ခချုပ်(ငြိမ်း)နှင့် ရန်ကုန်တက္ကသိုလ်ဒဿနိကဗေဒဌာနပါမောက္ခ(ငြိမ်း) ဆရာကြီးဒေါက်တာခင်မောင်ဝင်းက သြဝါဒစကား ပြန်လည်ပြောကြားသည်။ **(မြန်မာ့အလင်း)**

အင်းစိန် အလက(၄) ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၆

၁၉၇၂မှ ၂၀၀၉ခုနှစ် ကျောင်းသားကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် ပြန်လည်ဆုံတွေ့ပွဲ အခမ်းအနားကို မတ်၂၈ရက် (တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် အလက(၄)ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အသက်(၆၀)ပြည့်ပြီး ကန်တော့ခံအငြိမ်းစားဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အသေးစိတ်သိလိုသမျှနှင့် အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက ဆရာကြီး ဦးခင်မောင်ဝင်း၊ ဦးကျော်မျိုးနိုင် ဖုန်း-၆၄၁၉၇၀၊ ဦးစောပီတာ ဖုန်း- ၅၀၄၇၀၆၊ ဦးသက်ဆွေဦး ဖုန်း-၀၉-၄၈၂၁၉၆၉၊ ဦးသိန်းလွင်ကျော် ဖုန်း- ၇၂၀၆၄၉၊ ဒေါ်မေမြတ်နွယ် ဖုန်း-၀၉- ၅၀-၂၅၉၇၃၊ ဒေါ်ဌွေးဌွေးဝင်း ဖုန်း-၆၄၁၁၄၂၊ ဒေါ်နှင်းနှင်းဝင်း၊ မဟန်စုယဉ် ဖုန်း-၆၄၄၉၈၆နှင့် ဒေါ်ယဉ်မင်းအေး ဖုန်း-၆၄၃၅၀၅တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း ကျင်းပရေး ကော်မတီက နှိုးဆော်ထားသည်။ (၁၂၇)

အင်းစိန်မြို့နယ်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ မြို့နယ်အတွင်း မူခင်းကျဆင်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၂ရက် ညက ကမ်းနား အနောက်ရပ်ကွက်အတွင်းရှိ ပြည်သူများအား စခန်းမှူး ရဲအုပ် ကျော်ကျော်အောင်က မှုခင်း ပညာပေးဟောပြောစဉ်။ (၁၁၃)

ဇန်နဝါရီ ၁၅ရက်က ရေတာရှည် မြို့နယ်စည်ပင်သာယာအဖွဲ့က သမိန်ဗရမ်းလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင်မိုးလှိုင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့ယ်စည်ပင်)



ဂုဏ်ပြုလွှာပေးအပ်

ဇန်နဝါရီ ၁၀ရက်က မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ထူးချွန်ဆုပေးပွဲတွင် အသင်း၏ ၂၀၁၀ခုနှစ် ပြက္ခဒိန်မျက်နှာဖုံး အလှုရှင် ရုပ်ရှင်သရုပ်ဆောင် နေတိုး ကိုယ်စား ညီဖြစ်သူ သရုပ်ဆောင် မင်းသွေးထံ ဥက္ကဋ္ဌ ဦးစိုးတင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးထွေးဖြူတို့က ဂုဏ်ပြုလွှာပေးအပ်စဉ်။ (၁၃၅)

သမိုင်းအထူးပြု ကျောင်းသားကျောင်းသူများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၆

တက္ကသိုလ်များ သမိုင်းအထူးပြု ကျောင်းသား ကျောင်းသူများ၏ ကောဒသမအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေ လှူဒါန်းလိုသူများသည် ဒေါက်တာမာဂရက်ဝေါင်း ဖုန်း-၅၃၆၉၉၆၊ ဦးဉာဏ်ဝင်း ဖုန်း-၂၀၃၁၅၄၊ ဦးဝင်းနိုင် ဖုန်း-၅၅၂၃၆၅၊ ဦးနန်းအောင် ဖုန်း-၅၇၉၈၃၈၊ ဦးမျိုးမြင့် ဖုန်း-၇၂၁၅၂၂၊ ဦးဝင်းကြွယ် ဖုန်း-၀၉-၈၅-၃၇၀၉၂၊ ဦးအောင်ကျော်မင်း ဖုန်း-၀၉-၅၀-၇၀၂၆၂၊ ဒေါ်ခင်သိန်းဝင်း ဖုန်း-၅၁၂၂၈၆၊ ဒေါ်စိန်ကျင် ဖုန်း-၀၉-၅၁-၀၆၀၉၁၊ ဒေါက်တာခင်စောနွဲ့ ဖုန်း-၅၅၆၂၁၇၊ ဒေါက်တာစန္ဒာနိုင် ဖုန်း-၀၉-၅၁-၂၆၄၅၂၊ ဦးမျိုးလွင် ဖုန်း-၀၉-၅၁-၃၃၅၅၊ ဦးကျော်ထွန်း ဖုန်း-၀၉-၅၁-၆၁၂၂၀၊ ဦးကိုကိုနိုင် ဖုန်း-၀၉-၅၀-၁၉၄၈၈၊ ဒေါက်တာစုစုနိုင် ဖုန်း-၀၉-၅၁-၉၃၀၀၂၊ ဦးလင်းမြင့် ဖုန်း-၀၉-၅၀-၀၃၅၀၄နှင့် ဦးမောင်မောင်ကြွယ် ဖုန်း-၆၆၆၇၀၅တို့သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။ (မြန်မာ့အလင်း)

ကွန်ပျူတာတီထွင်သူ ဂျွန်ဗင်ဆင်အက်တာနာဆော့ဖ်

ကမ္ဘာ့အထင်ကရပုဂ္ဂိုလ်များ (၄-၁၀-၁၉၀၃ မှ ၁၅-၆-၁၉၉၅) တိုး ရေးသားသည်

တီထွင်သူ၊ သင်္ချာနှင့်ရူပဗေဒပညာရှင် ဂျွန်ဗင်ဆင်အက်တာနာဆော့ဖ်ကို နယူးယောက်မြို့တွင် ၁၉၀၃ခုနှစ် အောက်တိုဘာ ၄ရက်နေ့၌ ဖွားမြင်သည်။ မိဘနှစ်ပါးမှာ ဂျွန်အက်တာနာဆော့ဖ်နှင့်အိုင်ဗာလူစီနာပါဒီ တို့ဖြစ်သည်။

ဒေါက်တာဂျွန်ဗင်ဆင်အက်တာနာဆော့ဖ်။

ထူးချွန်

ဂျွန်ဗင်ဆင်သည် ငယ်စဉ်တောင်ကျေး ကလေးဘဝကပင် သင်္ချာကို အထူးစိတ်ဝင်စားခဲ့သည်။ သူတို့ မိသားစုသည် နောက်ပိုင်းတွင် ဖလော်ရီဒါပြည်နယ် အိုးချီကိုရာသို့ ပြောင်းရွှေ့ခဲ့သည်။ ဂျွန်ဗင်ဆင်သည် မာလ်ဘာရီ အထက်တန်းကျောင်းတွင် တက်ရောက်ပညာသင်သည်။ သိပ္ပံနှင့်သင်္ချာတွင်ထူးချွန်သည်။ ၁၉၂၁ခုနှစ်တွင် ဖလော်ရီဒါ တက္ကသိုလ်သို့ တက်ရောက်ပြီး ၁၉၂၅ခုနှစ်တွင် ဘီအက်စ်စီ(လျှပ်စစ်အင်ဂျင်နီယာ)ဘွဲ့ရသည်။ ၁၉၂၆ခုနှစ်တွင် အိုင်အိုဝါကောလိပ်မှ မဟာသိပ္ပံ(သင်္ချာ)ဘွဲ့ရသည်။ ဘွဲ့ရပြီး ရက်အနည်းငယ်အကြာတွင် လူရာမီးနှင့် လက်ထပ်သည်။

စူးစမ်းလေ့လာ

မဟာသိပ္ပံဘွဲ့ရရှိပြီးနောက် ဂျွန်ဗင်ဆင်သည် ၁၉၃၀ ပြည့်နှစ်တွင် ဝစ္စကွန်ဆင်တက္ကသိုလ်မှ ပါရဂူဘွဲ့ရရှိသည်။ ထို့နောက် အိုင်အိုဝါတက္ကသိုလ်သို့ ပြန်လာပြီး သင်္ချာနှင့် ရူပဗေဒဌာန လက်ထောက်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်သည်။ တွဲဖက်ပါမောက္ခအဖြစ်ရာထူးတိုးမြှင့်ခံရပြီးနောက် ကွန်ပျူတာလုပ်ငန်းကို စတင်စိတ်ဝင်စားလာပြီး စူးစမ်းလေ့လာသည်။

တည်ဆောက်

ဒေါက်တာဂျွန်ဗင်ဆင်သည် လျှပ်စစ်ဓာတ်အားနှင့် အီလက်ထရွန်နစ်ပညာတို့ကို ကွန်ပျူတာအတွက် ဆက်သွယ်ရေးနည်းလမ်းအဖြစ် အသုံးပြုသည်။ ထူးချွန်သည့် လျှပ်စစ်အင်ဂျင်နီယာ ကလစ်ဖို့ဘာရီကိုလည်း သူ့လက်ထောက်အဖြစ် ရရှိလိုက်သည်။ ကလစ်ဖို့သည် ဘွဲ့ရကျောင်းသားတစ်ဦးဖြစ်၏။ သို့ဖြင့် ၁၉၃၉ခုနှစ်တွင် ဒေါက်တာဂျွန်ဗင်ဆင်နှင့် သူ့လက်ထောက် ကလစ်ဖို့ဘာရီတို့က ကမ္ဘာ့ပထမဆုံး အီလက်ထရွန်နစ် ဒီဂျစ်တယ် ကွန်ပျူတာကို တည်ဆောက်လိုက်သည်။

ဒေါက်တာဂျွန်ဗင်ဆင်နှင့် သူ့လက်ထောက် ကလစ်ဖို့ဘာရီတို့တီထွင်ခဲ့သည့် ကမ္ဘာ့ပထမဆုံး အီလက်ထရွန်နစ် ဒီဂျစ်တယ် ကွန်ပျူတာ။



ဒေါက်တာဂျွန်ဗင်ဆင်သည် ပါမောက္ခအဖြစ် အိုင်အိုဝါပြည်နယ်ကောလိပ်၊ ဝစ္စကွန်ဆင်တက္ကသိုလ်တို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့ပြင် ဝါရှင်တန်(ဒီစီ)ရှိ အမေရိကန်ရေတပ်လက်နက်စမ်းသပ်ရုံနှင့် အမေရိကန်ကြည်းတပ် စစ်မြေပြင်တပ်များ၏ အသံတို့တင်မှု လေ့လာရေးဌာန၊ စတီးဝပ်ဝါနာကော်ပိုရေးရှင်းတို့တွင် အတိုင်ပင်ခံ၊ တာဝန်ခံ စသည့်တာဝန်များကိုလည်း တစ်ဖက်ကထမ်းဆောင်သည်။ ဒေါက်တာဂျွန်ဗင်ဆင်သည် မေရီလင်းပြည်နယ် မွန်ရိုးဗီးယားရှိ ၎င်း၏နေအိမ်တွင် လေဖြတ်ရောဂါဖြင့် ၁၉၉၅ခုနှစ် ဇွန်၁၅ရက်၌ ကွယ်လွန်ခဲ့သည်။

ဖန်တီး

မည်သည့်သိပ္ပံနယ်ပယ်တွင်မဆို အနာဂတ်ကိုဖန်တီးမည့် အမြင်ရှိသော ထူးချွန်ပါရမီရှင် လိုအပ်သည်။ ဤကွက်လပ်ကို ဒေါက်တာဂျွန်ဗင်ဆင်က လက်တွေ့ဖြည့်ခဲ့သည်။ သူတီထွင်ခဲ့သည့် ကွန်ပျူတာသည် မျက်မှောက်ခေတ်တွင် လူတိုင်းနှင့် ဆိုင်သလိုဖြစ်သည်။ ဘဏ်များ၊ စာသင်ကျောင်းများ၊ လေယာဉ်များ၊ စီးပွားရေးလုပ်ငန်းများ၊ အာကာသလွန်းပြန်ယာဉ်များနှင့် ဂြိုဟ်တုပါမကျန် နေရာတိုင်းတွင် ကွန်ပျူတာမပါလျှင် မပြီးတော့။

အထောက်အကူဖြစ်

နှစ် ၂၀အတွင်း သူတီထွင်ခဲ့သည့် ကွန်ပျူတာက ဤမျှခေတ်စားလိမ့်မည်ဟု ဒေါက်တာဂျွန်ဗင်ဆင် တွေးမိခဲ့မည် မဟုတ်ပေ။ မည်သို့ပင်ဖြစ်စေ သူ၏ တီထွင်မှုမှာ မျက်မှောက်လူသားတို့အတွက် များစွာအထောက်အကူဖြစ်၍ နေပေသည်။ ။

ကိုးကား - အင်တာနက်

ဘဝအမောပြေ

အိမ်ထောင်ဖက် . . . .

အသက် ၃၀ကျော် လူပျိုကြီးတစ်ဦးအား မိတ်ဆွေဖြစ်သူက အိမ်ထောင်ပြုရေးစကားဆိုလေသည်။

မိတ်ဆွေ ။ ။ အိမ်ထောင်ပြုဖို့ မစဉ်းစားသေးဘူးလား။
လူပျိုကြီး ။ ။ စဉ်းစားတာပေါ့။
မိတ်ဆွေ ။ ။ အမျိုးသမီး တွေ့ပြီလား။
လူပျိုကြီး ။ ။ တွေ့ပါတယ်၊ သုံးဦးလောက် ရှိတယ်။
မိတ်ဆွေ ။ ။ စိတ်တိုင်းမကျဘူးလား။
လူပျိုကြီး ။ ။ အမေစိတ်တိုင်းကျမှ လက်ထပ်ရမယ်ဆိုလို့ အမေ့ကို ခေါ်ပြတိုင်း အမေက လက်မခံဘူး ဖြစ်နေတယ်။

သုံးနှစ်ခန့်ကြာသော်…

မိတ်ဆွေ ။ ။ ဘယ်လိုလဲ… အိမ်ထောင်ပြုပြီးပြီလား။
လူပျိုကြီး ။ ။ ပြုပြီးပြီ။
မိတ်ဆွေ ။ ။ အမေစိတ်တိုင်းကျ အမျိုးသမီးလား။
လူပျိုကြီး ။ ။ အေး… ဟုတ်တယ်။
မိတ်ဆွေ ။ ။ ဘယ်လို အမျိုးသမီးမျိုးလဲကွာ၊ ပြောပြပါဦး။
လူပျိုကြီး ။ ။ အဖေစိတ်ညစ်ရတဲ့ အမျိုးသမီးမျိုးပေါ့ကွာ။
မိတ်ဆွေ ။ ။ **'ဟေ'**

ဘဝဒဿန

❒ ***Remember that most troubles men get into overtake them when they are in bad company or at places where they should not be.***

လူသားများ ကြုံတွေ့ရသော ပြဿနာအများစုမှာ ၎င်းတို့သည် မကောင်းသော အပေါင်းအသင်းများနှင့် အတူရှိနေချိန်၊ သို့မဟုတ် ၎င်းတို့ ရှိမနေသင့်သော နေရာများ၌ ရှိနေချိန်တို့တွင် ကြုံတွေ့ရလေ့ရှိကြောင်း သတိရပါလေ။

❒ ***No one can make you angry unless you open the door of your mind to him.***

သင်၏ စိတ်တံခါးပေါက်ကို အခြားတစ်ယောက်အား ဖွင့်မပြလိုက်သရွေ့ မည်သူကမျှ သင့်ကို စိတ်ဆိုးအောင် ပြုလုပ်နိုင်မည် မဟုတ်ပါချေ။ **နပိုလီယံဟီးလ်**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

စာမျက်နှာဖွဲ့စည်းမှု
ခိုင်လွင် (မြန်မာ့အလင်း)

ကမ္ဘာ့အရှည်ဆုံး ပီဇာမုန့်

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ နိုင်ငံတကာအဆင့်မီ ဟိုတယ်တစ်ခု၌ ကမ္ဘာလှည့် ခရီးသည်များ၊ လာရောက်တည်းခိုမည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် နာမည်ကျော် အနုပညာရှင်များအား ဆွဲဆောင်မှုတစ်ရပ်အဖြစ် ဇန်နဝါရီ ၁၀ ရက်တွင် စားဖိုမှူးများက အရှည်ပေ ၆၀ရှိသော ပီဇာမုန့်ကြီးတစ်ခုကို ပြုလုပ်ခဲ့ရာ ယင်းပီဇာမုန့်သည် ကမ္ဘာပေါ်တွင် အရှည်ဆုံးပီဇာမုန့်အဖြစ်(**ယာပုံ**)ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

(အင်တာနက်)

ကိတ်မုန့်ဖြင့်ပြုလုပ်ထားသည့် ကမ္ဘာ့အကြီးဆုံးအိမ်

အမေရိကန်နိုင်ငံ နယူးယောက်မြို့သား ရော်ဂျာပီလ်ချာက ချင်းရနံ့သင်းသော ကိတ်မုန့်များဖြင့် အိမ်တစ်အိမ်ပြုလုပ်ခဲ့ရာ ကမ္ဘာပေါ်တွင် ကိတ်မုန့်ဖြင့်ပြုလုပ်သောအိမ်များအနက် အကြီးဆုံးဖြစ်ကြောင်း ကမ္ဘာ့မှတ်တမ်း၌ ဖော်ပြခံရသည်။ (အောက်ပုံ) **၎င်းကိတ်မုန့်အိမ်သည် အမြင့် ၆၇ပေရှိပြီး ကိတ်မုန့်အလေးချိန် ပေါင်၁၄၂၅၀၊ ကြက်ဥနှင့်သကြားပေါင်၄၇၅၀၊ ချောကလက်အလေးချိန်တစ်တန်တို့ဖြင့် ပြုလုပ်ထားသည့် ယင်းကိတ်မုန့်အိမ်ကို နာရီပေါင်း ၁၇၀၀ခန့်ကြာအောင် ပြုလုပ်ခဲ့ရသည်။**(အင်တာနက်)

ကမ္ဘာ့အကြီးဆုံး ရေခဲမုန့်

ကနေဒါနိုင်ငံ တိုရွန်တိုမြို့ရှိ ကာဗယ်ကုမ္ပဏီမှဝန်ထမ်းများ စုပေါင်း၍ ရေခဲမုန့်ကြီးတစ်ခု ပြုလုပ်ခဲ့ကြသည်။ ယင်းရေခဲမုန့်သည် အလေးချိန် ၁၀၀၅ ပေါင်ရှိ၍ အမြင့်၅၃လက်မရှိရာ ရေခဲမုန့်ခွက်ပေါင်း ၃၈၉၄ခွက် ပမာဏရှိပြီး ကမ္ဘာပေါ်တွင် အကြီးဆုံးရေခဲမုန့်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။

(ဝဲပုံ) (အင်တာနက်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်ဆိုသူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ တင်မာဝင်း၊ အေးသန္တာသိန်းနှင့်မြကေခိုင်စိုး

17-1 (15).pmd 1 1/17/2010, 2:58 AM

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

✳ VOA, BBC - ရန်တိုက်ပေးနေသည်။

✳ RFA, DVB - သွေးထိုးနေသည်။

✳ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။

✳ နားမယောင်လေနဲ့ သတိထား။

ဖွံ့ဖြိုးသာစွ ဖားကန့်မြို့အလှ

နေပြည်တော် ဇန်နဝါရီ ၁၆

၂၀၀၉ခုနှစ် မိုးရာသီနှောင်းပိုင်းက ဖြစ်သည်။ မြစ်ကြီးနားမြို့တွင် မိုးကောင်းလျက်ရှိသည်။ သတင်းအဖွဲ့သည် မိုးသည်းနေသည့်အခိုက်မှာပင် မြစ်ကြီးနားမှ ၁၀၆မိုင် ကွာဝေးသည့် ဖားကန့်မြို့သို့ ခရီးဆက်ခဲ့သည်။

ရာသီမရွေး

ယခင်က မြစ်ကြီးနားမှ ဖားကန့်သို့ နှစ်ညအိပ် သုံးရက်ခန့် သွားခဲ့ရသည်။ ယခုအခါ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် အလှူရှင်များ စုပေါင်း၍ မြစ်ကြီးနား-ဖားကန့်လမ်းကို ပြုပြင်ဖောက်လုပ်ခဲ့သဖြင့် ရာသီမရွေး နေ့ချင်းပေါက် သွားလာနိုင်ပေပြီ။

စာမျက်နှာ ၉ ကော်လံ ၃ ✳

သတင်းခရီးသည် - သတင်းထောက် စဥ့်ကူစိုးဝင်း

ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း

စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

ကြွားကြွားဝင့်ဝင့်

ကချင်ပြည်နယ် ဖားကန့်မြို့ တောင်ကုန်းပေါ်တွင် တည်ဆောက်ထားသော စည်းလုံးခြင်းသည်အင်အား ရုပ်တုက ဤသို့ ကြွားကြွားဝင့်ဝင့် ....။

ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

သန့်ရှင်းသောလေမရသည့် နေအိမ်နှင့် ဝန်းကျင်၌ နေထိုင်ခဲ့လျှင် မွေးဖွားလာသည့် ရင်သွေးငယ်များ ဉာဏ်ရည်နိမ့်နိုင်

ကိုယ်ဝန်ဆောင်မိခင်များသည် လေဝင်၊ လေထွက် မကောင်းသည့် နေအိမ်နှင့် ပတ်ဝန်းကျင်များတွင် နေထိုင်ပါက ဉာဏ်ရည်နိမ့်သော ရင်သွေးငယ်များ မွေးဖွားတတ်ကြောင်း ဗြိတိသျှ ဆေးသိပ္ပံပညာရှင်များ၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

ထိခိုက်

သန့်ရှင်းသော လေကောင်းလေသန့်များ မရနိုင်သည့် နေအိမ်နှင့် ပတ်ဝန်းကျင်တွင်နေထိုင်သော ကိုယ်ဝန်ဆောင် မိခင်များအနေဖြင့် သားအိမ်အတွင်းရှိ သန္ဓေသားထံသို့ သန့်ရှင်းသောလေ မရရှိနိုင်ရာ သန္ဓေသား၏ ဖွံ့ဖြိုးကြီးထွားရေးကို ထိခိုက်စေနိုင်ကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ ဆက်လက် ဖော်ပြထားသည်။



စာမျက်နှာ ၆ ကော်လံ ၅ ■